## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
## (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးရှိတဲ့အနက် ၃၅၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၃.၇၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦးဖြစ်ပါတယ်။ တက်ရောက်တဲ့ ကိုယ်စားလှယ်က ၃၅၅ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၆၉ ဦးအနက် ယခင်က ခွင့်ပန်ကြားသူ ၃၃ ဦးဖြစ်ပြီးတော့ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ

(၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၂) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၃ ရက်၊

(၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၅) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၆) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၁ ရက်၊

(၇) ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၈) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၁၀) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၁၁) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၃ ရက်၊

(၁၂) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၃) မိုးဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၁၄) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၂ ရက်၊

(၁၆) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးစိုင်းဆောင်ဆီ(ခ)ဦးနယ်လ်ဆင် ခွင့် ၁ ရက်၊

(၁၇) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၃ ရက်၊

(၁၈) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၆ ရက်၊

(၁၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၂၀) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၂၁) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်၊

(၂၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၂၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၂၄) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၅) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၆) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၂၈) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၁ ရက်၊

(၂၉) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၃၀) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၃၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၃၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၃ ရက်၊

(၃၃) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၁ ရက်၊

(၃၄) ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ ခွင့် ၃ ရက်၊

(၃၅) ဒဂုံမြို့သစ်ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင် ခွင့် ၁ ရက်နှင့်

(၃၆) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန၏ စီမံကိန်းအပြောင်းအလဲကြောင့် နစ်နာနေကြရသော ဝန်ထမ်းများအား အစိုးရဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ တံတားဦးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာ ဖြစ်ပါတယ်။ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းမှာရှိတဲ့ စက်မှုဝန်ကြီးဌာနရဲ့ စီမံကိန်းအပြောင်းအလဲတွေကြောင့်မို့လို့ နစ်နာနေကြရသော ဝန်ထမ်းများအား အစိုးရဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းမှာရှိတဲ့ စက်မှုဝန်ကြီးဌာနရဲ့ ပလိပ်စက္ကူစက်ရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေက KTK ကုမ္ပဏီနဲ့ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုကြပါတယ်။ အဲ့ဒီလို မိမိဆန္ဒအလျောက်ဆန္ဒပြုထားတဲ့ အတိုင်းပဲလည်း ဘယ်လိုငဲ့ညှာဆောင်ရွက်ပေးမလဲဆိုတာကို မေးခွန်းများမေးမြန်းလိုကြပါတယ်။ အဲ့ဒီစက်ရုံအပြင် ကျောက်ဆည်စက်မှုဇုန်မှာရှိတဲ့ စက်ဘီးစက်ရုံ၊ အပ်ချုပ်စက်၊ စက်ခေါင်းစက်ရုံ၊ ဖိနပ်စက်ရုံ၊ ပလိပ်အမှတ်(၂)အထည်စက်ရုံ၊ စစ်တောင်းစက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံအစရှိတဲ့ စက်ရုံတွေက အလုပ်သမားတွေကလည်းပဲ ဒီဝန်ကြီးဌာနရဲ့ စီမံကိန်းအပြောင်းအလဲတွေကြောင့်မို့လို့ အလားတူပြဿနာများ၊ ဘဝမလုံခြုံမှုများ၊ နစ်နာမှုများနဲ့ ကြုံတွေ့ခံစားနေရတယ်လို့ သိရှိရပါတယ်။ သူတို့တွေ ဘယ်လောက်အတိုင်းအတာထိ ခံစားနေရတယ်ဆိုတာကို ကျွန်မကိုပြောပြတာက ခေတ်စကားနဲ့ပြောရမယ်ဆိုရင် အစိုးရဝန်ထမ်းဘဝကနေ ကုမ္ပဏီဝန်ထမ်းအဖြစ်ကို နိုင်ငံတော်အတွင်းမှာပဲ လူကုန်ကူးခံနေရတယ်လို သူတို့တွေခံစားရပါတယ်လို့ ကျွန်မကိုပြောပြပါတယ်။

အဲ့ဒီဝန်ထမ်းတွေကို နိုင်ငံတော် Policy ရလို့ဆိုပြီးတော့ ဖိအားပေးပြီး လျော်ကြေးပင်စင်ယူခိုင်းပါတယ်။ ကုမ္ပဏီဝန်ထမ်းအဖြစ် ဆက်လက်ပြီးတော့ပဲ လုပ်ကိုင်ခိုင်းစေပါတယ်။ အခြားဒေသတွေကိုပြောင်းရွှေ့ရမယ်လို့ဆိုပါတယ်။ ဘယ်လိုပြောင်းရွှေ့ရမယ်ဆိုတာကိုတော့ ပွင့်လင်းမြင်သာစွာပြောဆိုခြင်းမရှိပါဘူး။ ဒါ့ကြောင့်မို့လို့ လွှတ်တော်ကိုတင်ပြဆွေးနွေးမေးမြန်းဖို့ ကျွန်မဆီမှာ တင်ပြလာကြပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မအနေနဲ့ မေးမြန်းလိုတာကတော့ စက်မှုဝန်ကြီးဌာနရဲ့ စီမံကိန်းအပြောင်းအလဲတွေကြောင့်မို့လို့ နစ်နာနေရတဲ့ဝန်ထမ်းတွေကို အခြားဒေသများကိုမပြောင်းရွှေ့ဘဲ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အသိအမှတ်ပြုခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ နိုင်ငံတစ်ဝန်းမှာ နိုင်ငံတော်အတွက် နှစ်ရှည်လများအနစ်နာခံပြီးတော့ နိုင်ငံ့ဝန်ထမ်းအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ အလားတူ အလုပ်သမားဝန်ထမ်းတွေရဲ့ ဘဝကိုင့်ညှာထောက်ထားပြီး တရားမျှတမှုရှိစေရန် ဘယ်လို Policy တွေချမှတ်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာရဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပလိပ်စက္ကူစက်ရုံခွဲမှာရှိတဲ့ဝန်ထမ်းများအား အခြားဒေသများသို့မပြောင်းရွှေ့ဘဲ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်အသိအမှတ်ပြုခန့်ထားရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်း မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် စက္ကူစက်ရုံခွဲ(ပလိပ်)က ၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဧပြီလမှာစပြီးတော့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ပြီးတော့ဆောင်ရွက်ခဲ့ပါတယ်။ ယနေ့

အချိန်အခါမှာ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံပိုင်စီးပွားရေးကဏ္ဍများကိုလျှော့ချပြီးတော့ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍများမြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ စက်မှုဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ကိုင်တွယ်ရန်လိုအပ်တဲ့စက်ရုံ၊ အလုပ်ရုံများမှအပ ကျန်စက်ရုံ၊ အလုပ်ရုံတွေကို ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း Public Private Partnership -PPP ဖက်စပ်ဆောင်ရွက်ခြင်း၊ Joint Venture နှစ်တို/နှစ်ရှည်ငှားရမ်းခြင်း၊ Lease ဆောင်ရွက်ခြင်းများကိုဆောင်ရွက်ခဲ့ပါတယ်။

စောစောက ကျွန်တော်တင်ပြတဲ့အထဲမှာ နိုင်ငံတော်အခန်းကဏ္ဍအနေနဲ့ လက်ရှိကိုင်တွယ်ထားရမယ့် စက်ရုံတွေထဲမှာ အထူးသဖြင့် မြန်မာနိုင်ငံစီးပွားလုပ်ငန်းစက်ရုံ(ရန်ကုန်)လို စက်ရုံကတော့ ပြည်သူတစ်ရပ်လုံးနဲ့ပတ်သက်ပြီး ကျန်းမာရေးအရေးပေးပြီးတော့ ဆောင်ရွက်နေရတဲ့အတွက်ကြောင့် ဒါနိုင်ငံတော်ကနေပြီးတော့ ကိုင်တွယ်ထားရမှာဖြစ်ပါတယ်။ အထူးသဖြင့် မြွေဆိပ်ဖြေဆေး၊ ကပ်ရောဂါကာကွယ်ဆေးများဖြစ်တဲ့ အသည်းရောင်အသားဝါဘီကာကွယ်ဆေး၊ ခွေးရူးပျံဆေး၊ ငှက်ဖျားကာကွယ်ဆေးအစရှိတဲ့ ဒီဆေးဝါးများအပြင် ထိုးဆေးတွေ၊ စားဆေးတွေ၊ သောက်ဆေးတွေ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံပိုင်အနေနဲ့ ဆက်လက်ပြီးတော့ ဒီစက်ရုံကြီးကို ကိုင်တွယ်ထားရမှာဖြစ်သလိုပဲ တချို့ကြီးမားသော အကြီးစားစက်မှုလုပ်ငန်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်ကနေ ကိုင်တွယ်ထားရမှာဖြစ်ပါတယ်။ ကျန်တဲ့စက်ရုံ၊ အလုပ်ရုံတွေကတော့ ကျွန်တော်တို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲမှုအရ နိုင်ငံပိုင်အခန်းကဏ္ဍရဲ့ စီးပွားရေးလုပ်ငန်းတွေကို လျှော့ချပြီးတော့ ပုဂ္ဂလိကအခန်းကဏ္ဍမြင့်မားရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ တစ်ပိုင်းက စီးပွားရေးအရ တွက်ချေမကိုက်တဲ့အခါမှာလည်း ကျွန်တော်တို့နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးတွေမဖြစ်ရအောင် ဒါတွေကို ပုဂ္ဂလိကကို ကျွန်တော်တို့ငှားရမ်းပြီးတော့ ဆောင်ရွက်မှသာလျှင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလိုပဲ စီးပွားရေးလုပ်ငန်းတွေကလည်း အရှိန်အဟုန်နဲ့ မြင့်မားတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ကိုင်တွယ်ထားရမယ့်စက်ရုံများကို ကိုင်တွယ်ထားသလိုပဲ ပုဂ္ဂလိက ကနေပြီးတော့ ကိုင်တွယ်ထားရမယ့်ပုဂ္ဂလိကကိုပေးရမယ့်၊ ပုဂ္ဂလိကနဲ့အကျိုးတူ ပူးပေါင်းဆောင်ရွက်ရမယ့်၊ ပုဂ္ဂလိကကို ငှားရမ်းပြီးဆောင်ရွက်ရမယ့် စက်ရုံ၊ အလုပ်ရုံများကို ဆက်လက်ပြီးတော့ သတင်းစာများမှာကျယ်ကျယ်ပြန့်ပြန့်ခေါ်ယူပြီးတော့ ပုဂ္ဂလိကကိုငှားရမ်းပြီးတော့ ဆောင်ရွက်နေပါတယ်။

စက္ကူစက်ရုံ(ပလိပ်)အနေနဲ့ဆိုလို့ရှိရင်တော့ ပုဂ္ဂလိကကို လွှဲပြောင်းဆောင်ရွက်နိုင်ရေးအတွက် ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာ သတင်းစာကနေပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ခေါ်ယူခဲ့ပါတယ်။ တကယ်တော့လည်း ဒီစက်ရုံက ရှုံးနေတဲ့စက်ရုံဖြစ်တဲ့အတွက် နိုင်ငံတော်အတွက် လည်းဝန်ထုပ်ဝန်ပိုးဖြစ်လာတဲ့သဘောရှိပါတယ်။ ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ထုတ်ထားတဲ့ကုန်ကြမ်းများ၊ ကုန်ချောများနဲ့ပတ်သက်ပြီးတော့ ထုတ်လုပ်မှုကုန်ကျစရိတ်ကလည်း မြင့်မားလာပြီးတော့ ရောင်းဈေးနှုန်းက မကိုက်လာတဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် ဝန်ထုပ် ဝန်ပိုးမဖြစ်ရအောင် ဒါကို သတင်းစာကနေခေါ်ယူခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ တင်ဒါပိတ်ခဲ့ပါတယ်။ တင်ဒါဖွင့်ဖောက်ခဲ့တဲ့အခါမှာ ဈေးနှုန်းအများဆုံး ပေးသွင်းလာတဲ့ KTK Co., Ltd ကိုစိစစ်ရွေးချယ်ပြီးတော့ မတ်လ ၂၉ ရက်နေ့မှာ စာချုပ်ချုပ်ဆိုပြီး တော့ ဧပြီလ ၁ ရက်နေ့ကစပြီးတော့ စက်ရုံကို ကျွန်တော်တို့ ငှားရမ်းပြီးတော့ဆောင်ရွက်ခဲ့ပါတယ်။ ဒီစက်ရုံမှာဆိုရင် အရာထမ်း ၄၉ ဦးရှိပါတယ်။ အမှုထမ်း ၂၆၄ ဦးရှိပါတယ်။ နေ့စား ၁၃ ဦးရှိပြီးတော့ စုစုပေါင်းဝန်ထမ်း ၃၂၆ ဦးရှိပါတယ်။ ဝန်ထမ်းအိမ်ရာ ၅၃ လုံးရှိပါတယ်။ ဒီဝန်ထမ်းအိမ်ရာမှာ ကျား ၁၃၂ ဦး၊ မ ၁၀၃ ဦး၊ စုစုပေါင်း ၂၃၅ ဦးနေထိုင်လျက်ရှိပါတယ်။ ဒီစက္ကူစက်ရုံပလိပ်နဲ့ပတ်သက်ပြီး တော့ ပုဂ္ဂလိကကိုငှားရမ်းပေမယ့် လက်ရှိဆောင်ရွက်နေတဲ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး၍ အခက်အခဲ မရှိစေဖို့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စီမံဆောင်ရွက်ထားတာလေးတွေရှိပါတယ်။ ဒါက တော့-

ပုဂ္ဂလိကကုမ္ပဏီကို လိုက်ပါသွားလုပ်ကိုင်လိုတဲ့ ဝန်ထမ်းများကတော့ နိုင်ငံ့ဝန်ထမ်းကနေ ပြီးတော့ ခံစားရရှိတဲ့ လက်ရှိအတိုင်းပဲ လစာတွေ၊ အပိုထောက်ပံ့ကြေးတွေ ဒီအတိုင်းသူတို့က ခံစားရ မှာဖြစ်ပါတယ်။ စက်ရုံကို ပုဂ္ဂလိကသို့ငှားပေမယ့်လို့ ပုဂ္ဂလိကလုပ်ငန်းရှင်က ဒီဟာကိုလည်း ကျွန်တော် တို့ စာချုပ်မှာထည့်သွင်းပြီးချုပ်ဆိုထားသလိုပဲ လက်ရှိလစာရနေတဲ့အတိုင်းပဲ ပုဂ္ဂလိကကုမ္ပဏီကနေ ပြီးတော့ ဆက်လက်ပြီးတော့ လစာပေးသွားမှာဖြစ်ပါတယ်။ စက်ရုံငှားရမ်းတဲ့အတွက်ကြောင့် ကုမ္ပဏီ သို့လိုက်ပါသွားတဲ့ ဝန်ထမ်းများကိုလည်း လက်ရှိနေထိုင်နေတဲ့ စက်ရုံအိမ်တွေမှာ နေထိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီစက်ရုံတွေဟာ ပုဂ္ဂလိကကိုလိုက်ပါသွားပေမယ့် ဒီဝန်ထမ်းများသည် လူမှုဖူလုံရေး အကျိုးခံစားခွင့်များကိုလည်း ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအတိုင်း အကျိုးခံစားခွင့်ရရှိမှာ ဖြစ်ပါ တယ်။ ထို့အပြင် ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အငြိမ်းစားယူခြင်း၊ ပုဒ်မ ၆၂ အရ အသက် ၅၅ နှစ်ပြည့်တဲ့ဝန်ထမ်းများ၊ လုပ်သက် ၃၀ နှစ်ပြည့်တဲ့

ဝန်ထမ်းများကိုလည်း လုပ်သက်နှစ်ပြည့်ပင်စင်များခံစားလိုပါကလည်း ကျွန်တော်တို့ခံစားပေးပါပါတယ်။ ပုဂ္ဂလိကကုမ္ပဏီမှာ ဆက်လက်အမှုထမ်းဆောင်လိုတဲ့ ဝန်ထမ်းများက နိုင်ငံတော်ကချမှတ်ထားတဲ့ မြို့ပြစည်းမျဉ်းဥပဒေအပိုဒ် ၄၂၆ အရ လျော်ကြေးပင်စင်ခံစားရသလိုပဲ ကုမ္ပဏီကနေပြီးတော့ပေးတဲ့ လုပ်ခလစာများကိုလည်း တစ်ပြိုင်တည်း ရရှိခံစားရမှာဖြစ်ပါတယ်။ အကယ်၍များ ပုဂ္ဂလိကကုမ္ပဏီများကိုမလိုက်ဘဲနဲ့ အစိုးရဝန်ထမ်းအဖြစ် ဆက်လက်ပြီးတော့တာဝန်ယူပြီး ဆောင်ရွက်လိုတယ်ဆိုလို့ရှိရင်လည်း ဝန်ကြီးဌာနအတွင်းမှာရှိတဲ့ ဦးစီးဌာနတွေ၊ စက်မှုလုပ်ငန်းတွေမှာ လစ်လပ်နေတဲ့ရာထူးများ၊ လစာနှုန်းတူများပြောင်းရွှေ့ပြီးတော့လည်း တာဝန်ထမ်းဆောင်နိုင်ကြောင်းလည်းကျွန်တော်တို့ ဆောင်ရွက်ပေးထားပါတယ်။ ထိုနည်းလည်းကောင်းပဲ အခြားဝန်ကြီးဌာနများကိုလည်းကူးပြောင်းအမှုထမ်းဆောင်လိုသူများအတွက်လည်း ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ စက္ကူစက်ရုံခွဲ(ပလိပ်)အား နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်ပြီးဖြစ်တဲ့အတွက်ကြောင့် အစိုးရဝန်ထမ်းအနေဖြင့် ဆက်လက်ပြီးတော့တာဝန်ယူဆောင်ရွက်လိုပါက ဝန်ကြီးဌာနလက်အောက်မှရှိတဲ့ အခြားလစ်လပ်တဲ့နေရာများသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှာဖြစ်ပါကြောင်းနဲ့ ပလိပ်စက္ကူစက်ရုံတွင်သာ တာဝန်ထမ်းဆောင်လိုပါက လျော်ကြေးပင်စင်ယူပြီးတော့ ပုဂ္ဂလိကကုမ္ပဏီမှပေးတဲ့လစာ၊ အပိုထောက်ပံ့ကြေးများခံစားနိုင်ကြောင်း ကျွန်တော်တို့ ဝန်ထမ်းများအတွက်လည်း အခက်အခဲမရှိစေရေးအတွက် ဝန်ကြီးဌာနအနေနဲ့စီစဉ်ထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တာဝန်မကျေ၊ စရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသော ဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော ပြစ်ဒဏ်ကိုပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ရောက်ရှိလာသောပုဂ္ဂိုလ်အားလုံးကို မင်္ဂလာပါဟု ကျွန်တော်မိတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း ဖြစ်ပါတယ်။

ယနေ့ ကျွန်တော် လွှတ်တော်မှာ မေးမြန်းရမယ့်အချက်ကို ကျွန်တော်ဖတ်ပြရမယ်ဆိုရင် ဌာနဆိုင်ရာ အစိုးရဝန်ထမ်းများအား အရေးယူအပြစ်ပေးရာ၌ (၁) ဝေးလံဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်း၊ (၂) ရာထူးတစ်ဆင့်လျှော့ခြင်း၊ (၃) လစာငွေဖြတ်တောက်ခြင်း၊ (၄) နှစ်တိုးရပ်ဆိုင်းခြင်းစသဖြင့် ယနေ့အထိ ကျင့်သုံးနေသည်မှာ ဌာနလုပ်ထုံးလုပ်နည်းသဖွယ်ဖြစ်လာပါတယ်။ နယ်စပ်ဒေသ ဝေးလံဒေသကို ပြည်မက စိတ်စေတနာကောင်းဖြင့် တာဝန်ကျေပွန်စွာထမ်းဆောင်လာသော ဝန်ထမ်းများလည်းရှိပါတယ်။ ဖော်ပြပါအပြစ်ပေး၍ပြောင်းလာသူများမှာ ပိုမိုစိတ်ဆင်းရဲပြီး ဘဝပျက်သည်အထိ သောက်စားတတ်လာခြင်း၊ ဒေသနေပြည်သူများမုန်းလာ၍ အထက်သို့တိုင်ကြားမှ ပြန်ပြောင်းရမည်ဟူသော စိတ်အတွေးများဝင်လာတဲ့အတွက် ပြည်သူ့အကျိုးမဖြစ်ထွန်းစေပါ။ သို့ဖြစ်၍ ဝေးလံဒေသသို့ တာဝန်ကျေဝန်ထမ်းများကို ထိုက်သင့်သလို ချီးမြှောက်ဂုဏ်ပြုသင့်ပါတယ်။ အပြစ်ဖြင့်ပြောင်းရွှေ့ခြင်းကို လုပ်ထုံးလုပ်နည်းကိုတော့ ပယ်ဖျက်သင့်ပါတယ်။ အဲ့လိုဝန်ထမ်းတွေကို တချို့ဝန်ထမ်းများဆိုလို့ရှိရင် တာဝန်ကျေပါတယ်။ ကောင်းပါတယ်။ ဒါပေမယ့် အထက်လူကြီးက သူ့ကိုယ်ရေးကိုယ်တာသဘော၊ ပုဂ္ဂိုလ်ရေးသဘော မတိုက်ဆိုင်တဲ့အခါမှာ အဲလိုပြောင်းရွှေ့အပြစ်ပေးတာလည်းရှိပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ဒီလိုဝေးလံဒေသတွေကို ပြောင်းတဲ့ဝန်ထမ်းများဟာဆိုလို့ရှိရင် သူနဲ့သူ့မိသားစု လူမှုစီးပွားရေး ပို၍ဆင်းရဲလာပါတယ်။ နောက်ပြီးတော့ ဒေသခံပြည်သူတွေရဲ့အကျိုးလည်းမရှိဘူး။ နောက်တစ်ချက်က နိုင်ငံတော်အစိုးရကို ဒေသခံပြည်သူများ အကြည်ညိုပျက်စေပါတယ်။ နောက်ဘာဖြစ်သေးလဲဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အတားအဆီးဖြစ်ပါတယ်။ နောက်ထပ်တစ်ချက်ဟာ ဘာလဲဆိုရင် ဒီလိုလုပ်ထုံးလုပ်နည်းဟာ၊ အပြစ်ပေးခြင်းဟာ ဒီမိုကရေစီကျင့်စဉ်နဲ့ လိုက်လျောညီထွေမှုမရှိပါဘူး။ ဒီမိုကရေစီစနစ်ဆိုးရဲ့ ဆုတ်မှုတွေဖြစ်တဲ့အတွက် ကျွန်တော် မေးခွန်းမေးရမယ်ဆိုရင် ပြည်သူတွေအတွက်ကိုယ်စားပြု မေးရမယ့်မေးခွန်းကတော့ ဝေးလံခက်ခဲဒေသသို့ တာဝန်ကျေဝန်ထမ်းများ ထိုက်သင့်သော ချီးမြှောက်ဂုဏ်ပြုခြင်းသာဖြစ်သင့်သည့် အပြစ်ပေးပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော လုပ်ထုံးလုပ်နည်းကို ပယ်ဖျက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားစွာဖြင့် ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးငွန်မောင်း(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးငွန်မောင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းက တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော ပြစ်ဒဏ်ကိုပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိဟူသော မေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခင်က ကျင်းပပြီးစီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် အလားတူမေးခွန်းမျိုးကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အသီးသီးကမေးမြန်းခဲ့၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ နောင်မွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ်၊ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှီသီး၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ တို့က မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။

ယခုတစ်ဖန်၌မေးခွန်းကိုပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းက ထပ်မံမေးမြန်းလာသည့်အတွက် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၈-၅-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး၊ ယင်းနိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ဌာနဆိုင်ရာအရေးယူမှုများ၌ ဝန်ထမ်းများအပေါ် ချမှတ်နိုင်သည့်ပြစ်ဒဏ် ၉ မျိုးကို အတိအလင်းပြဋ္ဌာန်းထားရှိပါတယ်။ ယင်းတို့မှာ စာဖြင့်သတိပေးခြင်း၊ နှစ်တိုးလစာရပ်ဆိုင်းခြင်း၊ ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း၊ လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊ ရာထူးအဆင့်လျှော့ချခြင်း၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ၊ ပေါ်ပေါက်တဲ့ဆုံးရှုံးမှုတန်းဖိုးအပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကိုပေးလျော်စေခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့်ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ်မသတ်မှတ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းတို့ဖြစ်ပါတယ်။ သို့ဖြစ်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးများသည် ပြစ်မှုကျူးလွန်သောဝန်ထမ်းများအား ကျူးလွန်သည့်ပြစ်မှုနှင့်လျော်ညီသောပြစ်ဒဏ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ချမှတ်နိုင်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှလည်း ၁၉-၈-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၈/၁၅၂ လမ်းညွှန်/အဖရ

(၂၀၁၃)ဖြင့် နိုင်ငံ့ဝန်ထမ်းများအား ပြစ်မှုကျူးလွန်ခြင်းအတွက် အရေးယူအပြစ်ပေးရန်ရှိပါက ၂၀၁၃ ခုနှစ် နိုင်ငံဝန်ထမ်းဥပဒေ အခန်း (၁၁) ပုဒ်မ ၅၃ ပါ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်းတွင်သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များအတိုင်းသာ ဌာနအားလုံးတစ်ပြေးညီအပြစ်ပေးအရေးယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းအားလုံးကို ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်ပါတယ်။

မေးခွန်းပါ တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြစ်ဒဏ်အမျိုးအစားတွင် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းမရှိပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပယ်ဖျက်ပေးရန်အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ယခုလို ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းက မေးမြန်းခဲ့သော တာဝန်မကျေ၊ စာရိတ္တပျက်သည်ဟု အရေးယူအပြစ်ပေးခံရသော ဝန်ထမ်းများကို ဝေးလံခက်ခဲသောဒေသသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဟူသော ပြစ်ဒဏ်ကိုပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးရှင်းလင်းဖြေကြားခွင့်ရရှိသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ကိုယ်စားအထူးကျေးဇူးတင်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စစ်ကိုင်းမြို့ တိုင်းအမှတ်(၂) ရွာထောင်၊ မီးရထားရုံးရှိ လိုအပ်ချက်များကို ဖြည့်စည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မီးရထားတိုင်းကြီးတစ်ခုဖြစ်တဲ့ တိုင်းအမှတ် (၂) နှင့်စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းဖြစ်ပေါ်လာရပုံကတော့ ကျွန်တော်တို့ပြီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးမှာ တစ်လနားတဲ့အချိန်မှာ ဝန်ထမ်းငယ်တွေကနေပြီးတော့မှ သူတို့မီးရထားရပ်ကွက်ကို လာရောက်ကြည့်ရှုပေးပါဆိုရာကနေပြီး

တော့မှ ပေါ်ပေါက်ခဲ့တာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မီးရထားတိုင်းကြီး ၁၁ တိုင်းရှိတဲ့အနက်မှ တိုင်းအမှတ် (၂) ရှာထောင်ဟာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကိုရှာပေးနေတဲ့ ထိပ်ဆုံးစာရင်းမှာပါဝင်တဲ့ တိုင်းတစ်တိုင်းဖြစ်ပါတယ်။ တိုင်းအမှတ်(၂) ရှာထောင်ရဲ့ဝန်ထမ်းများဟာလည်းပဲ ၂၄ နာရီအချိန်ပြည့်တာဝန်ထမ်းဆောင်နေကြတာဖြစ်ပါတယ်။ သို့သော်လည်းပဲ မီးရထားရပ်ကွက်အတွင်းမှာရှိတဲ့ ဝန်ထမ်းအိမ်ရာများဟာ နှစ်ကြာလာတာနှင့်အမျှ အမိုးအကာများပျက်စီးယိုယွင်းလာတဲ့အတွက် အမိုးမလုံခြင်း၊ အချို့ဆိုလျှင် ကျွန်တော်ရောက်တဲ့အချိန်မှာ မိုးတွင်းဖြစ်တဲ့အတွက် အုတ်ကြွပ်မိုးထားတဲ့ အဆောက်အဦတွေကလွဲလို့ ကပ်မိုးထားတဲ့ အဆောက်အဦတွေဟာဆိုလို့ရှိရင် ဂျပ်တွေနဲ့ဖာထားတာတွေ၊ ပလပ်စတစ်တွေနဲ့ဖာထေးထားတာတွေ တွေ့ရပါတယ်။ အိမ်အကာနံရံများဟာလည်းပဲ ဆွေးမြေ့ခြင်း၊ ခြစားခြင်းနဲ့အတူ သန့်စင်ခန်းများလည်းပျက်စီးနေလို့ ဝန်ထမ်းများကိုယ်တိုင် ပြုပြင်ဆောက်လုပ်နေတာကို ကျွန်တော်တို့တွေ့ရပါတယ်။ အချို့ဝန်ထမ်းများဟာ ဝန်ထမ်းအိမ်ရာမလုံလောက်လို့ အခကြေးငွေပေးပြီးတော့မှ အိမ်ငှားနေရခြင်းများလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ ဝန်ထမ်းများရဲ့အခက်အခဲနှင့်ပတ်သက်လို့ မီးရထားအိမ်ရာဌာနက ဖြေရှင်းဆောင်ရွက်ပေးပါမယ်။ ဘတ်ဂျက်လည်းကျပြီးသားပါလို့ ပြောပေမယ့်လို့လည်းပဲ ယခုထိတိုင်အောင်ဆောင်ရွက်ပေးခြင်းမရှိပါဘူးလို့ဆိုပါတယ်။ မိုးရာသီရောက်တိုင်းလည်းပဲ ဆောင်ရွက်ပေးပါမယ်လို့ ပြောတယ်လို့ဆိုပါတယ်။ အဲ့ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ လွှမ်းခြုံပြီးတော့မှ အောက်ပါကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(၁) စစ်ကိုင်းမြို့ တိုင်းအမှတ် (၂) ရှာထောင်ဧရိယာအတွင်းရှိဘူတာစဥ်အလိုက် ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအား ပြန်လည်ပြုပြင်ပြင်ဆင်ပေးရန်နှင့် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဥ်ရှိ/မရှိ။ (၂) မန္တလေး- မြစ်ကြီးနားခရီးစဥ်အား ပြည်တွင်းခရီးသွားပြည်သူများအပြင် နိုင်ငံခြားခရီးသည်များ လိုက်ပါစီးနင်းနေသောရထားတွဲများ ပျက်စီးယိုယွင်းလျက်ရှိပါသောကြောင့် တွဲအသစ်များအစားထိုးပေးရန် အစီအစဥ်ရှိ/မရှိ။ (၃) နေ့စဥ်ခရီးသွားများများပြားလာမှုနှင့်အတူ နည်းပါးလာတဲ့လက်မှတ်ခွဲတမ်းများကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်မပြေဖြစ်နေရတဲ့အတွက် သတ်မှတ်ဘူတာစဥ်အလိုက် လက်မှတ်ခွဲတမ်းများ တိုးချဲ့ရောင်းချပေးရန်အစီအစဥ်ရှိ/မရှိ။ နောက် (၄) ဘူတာစဥ်တိုင်းမှာအရေးပါလှတဲ့ စက်သွယ်ရေးစကားပြောစက်များ၊ မီးရထားလမ်းခွဲရာ၌ အရေးပါလှတဲ့အထောက်အကူပြုကိရိယာများ၊ လမ်းခွဲပွိုင့်သော့ အစရှိတဲ့ပစ္စည်းများဟာလည်းပဲ ဟောင်းနွမ်းပြီးခေတ်မမီတော့တဲ့အတွက် အရေးပါကိရိယာကို အဆင့်မြှင့်တင်အသစ်လဲလှယ်ပေးခြင်းများနှင့် ဝန်ထမ်းငယ်များရဲ့ လိုအပ်ချက်ဖြစ်တဲ့ ယူနီဖောင်းနှင့် အခြားလိုအပ်ချက်

များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ပြန်လည်ဆောင်ရွက်ပေးနိုင်မည်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းမှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် စစ်ကိုင်းမြို့ တိုင်းအမှတ်(၂) ရွာထောင်မီးရထားရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ပျက်စီးယိုယွင်းနေခြင်းအား ပြင်ဆင်တိုးချဲ့ဆောက်လုပ်ပေးရန်၊ မန္တလေး-မြစ်ကြီးနားခရီးစဉ် ရထားတွဲများ ပျက်စီးယိုယွင်းလျက်ရှိပါသောကြောင့် တွဲသစ်များအစားထိုးပေးရန်၊ လက်မှတ်ခွဲတမ်းများတိုး၍ ရောင်းချပေးရန်၊ ဆက်သွယ်ရေးစကားပြောစက်များနှင့် မီးရထားလမ်းခွဲရာ၌ အရေးပါသောကိရိယာများအား ပြန်လည်အဆင့်မြှင့်တင်ပေးရန်၊ ဝန်ထမ်းငယ်များ၏ယူနီဖောင်းနှင့် အခြားလိုအပ်ချက်များကို ဖြည့်စည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလာတဲ့ကိစ္စကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ရွာထောင်နယ်မှာ ဝန်ထမ်းအိမ်ရာ ၃၁၀ လုံးရှိပါတယ်။ ပြင်ဆင်ရမယ့် အိမ်ရာအရေအတွက်က ၄၅ လုံးရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နေအိမ် ၇ လုံးပြင်ဆင်ခဲ့ပါတယ်။ ဘဏ္ဍာငွေ ၁၂.၂၅ သန်း သုံးစွဲခဲ့ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ၄ လုံးပြင်ဆင်ပြီးစီးပါတယ်။ ၆ လုံးကို ဆက်လက်ပြုပြင်ဖို့ ဘဏ္ဍာငွေ ၉.၀၀ သန်း သုံးစွဲသွားရမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့အိမ်ရာ ၂၈ လုံး ပြင်ဆင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဘဏ္ဍာငွေတောင်းခံတင်ပြသွားမှာဖြစ်ပါတယ်။ နှစ်စဉ်လည်းဆက်လက်ပြီးဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့မီးရထားဌာနခွဲ အသီးသီးမှာရှိတဲ့ ဝန်ထမ်းငယ်များအားလုံးကို ဇင်နက်ပြာရောင် ယူနီဖောင်း ၁ စုံစီ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ရွာထောင်ဒေသအပါအဝင် မြန်မာ့မီးရထားဝန်ထမ်း

ငယ်အားလုံးကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ မြန်မာ့မီးရထားဌာနခွဲအလိုက် လုပ်ငန်းတာဝန်အမျိုးအစားအရ/ရာထူးအဆင့်အတန်းအရ အနွေးထည်၊ မိုးကာ၊ ဓါတ်မီးနှင့် ဓါတ်ခဲ၊ လက်အချက်ပြအလံ အနီ/အစိမ်း၊ သားရေလွယ်အိတ်၊ ပလပ်စတစ် လည်တိုဖိနပ်စသည်များကိုလည်း နှစ်စဉ် သို့မဟုတ် ၂ နှစ် ၁ ကြိမ် သို့မဟုတ် ၃ နှစ် ၁ ကြိမ် ပစ္စည်းရဲ့သက်တမ်းသတ်မှတ်ချက်အလိုက် ထောက်ပံ့ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ရွာထောင်ဘူတာမှာ မန္တလေး- မြစ်ကြီးနား ပြေးဆွဲနေတဲ့အမှတ် ၅၅ အဆန်/ ၅၆ အစုန်၊ ၅၇ အဆန်/ ၅၈ အစုန် အမြန်ရထားများနှင့် အမှတ် ၄၁ အဆန်/ ၄၂ အစုန် စာပို့ရထားများ ရပ်တန့်ပေးလျက်ရှိပါတယ်။ ရွာထောင်ဘူတာအတွက် အမှတ် ၅၅ အဆန်အမြန်ရထားမှာ ရိုးရိုးတန်း ၄၅ နေရာ၊ ပထမတန်း ၆ နေရာ၊ အထက်တန်း ၄ နေရာ၊ စုစုပေါင်း ၅၅ နေရာ၊ အမှတ် ၅၇ အဆန်အမြန်ရထားမှာ ရိုးရိုးတန်း ၃၀ နေရာ၊ ပထမတန်း ၈ နေရာ၊ အထက်တန်း ၂ နေရာ၊ ပေါင်း ၄၀ နေရာ၊ အမှတ် ၄၁ အဆန် စာပို့ရထားမှာ အထက်တန်း ၄ နေရာ၊ ပထမတန်း ၅ နေရာ၊ ရိုးရိုးတန်း ၁၀ နေရာ၊ ပေါင်း ၁၉ နေရာသတ်မှတ်ရောင်းချပေးလျက်ရှိပါတယ်။ အမှတ် ၅၅ အဆန်၊ ၅၆ အစုန် အမြန်ရထားမှာ ရိုးရိုးတန်း ၈ တွဲ၊ ပထမတန်း ၂ တွဲ၊ အထက်တန်း ၂ တွဲ၊ ဘရိတ်တွဲတို့ဖြင့် ဖွဲ့ဆင်ထားပြီးတော့ (ခရီးစ/ဆုံးဘူတာများမပါ) လမ်းခရီးရပ်တန့် ၂၂ ဘူတာရှိပါတယ်။ အလားတူပဲ အမှတ် ၅၇ အဆန်/ ၅၈ အစုန်အမြန်ရထားတွဲမှာ ရိုးရိုးတန်း ၇ တွဲ၊ ပထမတန်း ၂ တွဲ၊ အထက်တန်း ၂ တွဲ၊ ဘရိတ်တွဲတို့နှင့် ဖွဲ့ဆင်ထားပြီးတော့ (ခရီးစ/ဆုံးဘူတာများမပါ) လမ်းခရီးရပ်တန့်ဘူတာ ၁၉ ဘူတာရှိပါတယ်။ အမှတ် ၄၁ အဆန်/ ၄၂ အစုန် စာပို့ရထားများမှာ ရိုးရိုးတန်း ၄ တွဲ၊ ပထမတန်း ၁ တွဲ၊ အထက်တန်း ၂ တွဲနှင့် စာတိုက် ၁ တွဲ၊ ပါ ဆယ် ၂ တွဲ၊ ဘရိတ်တွဲတို့နှင့် ဖွဲ့ဆင်ထားပြီးတော့ (ခရီးစ/ဆုံးဘူတာများမပါ) လမ်းခရီးရပ်တန့်ဘူတာ ၄၄ ဘူတာရှိပါတယ်။ တွဲဆိုင်းဖွဲ့ဆင်ပုံအရ ပါရှိတဲ့ထိုင်ခုံတွေကို ခရီးစဘူတာနှင့် လမ်းခရီးရပ်တန့်တဲ့ဘူတာတွေကို မျှတစွာခွဲဝေဆောင်ရွက်ပေး လျက်ရှိပါတယ်။ လက်ရှိအားဖြင့်တော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ တောင်းဆိုချက်နှင့် ခရီးသည်စီးနင်းမှုအခြေအနေအရ ရွာထောင်ဘူတာမှာ အမှတ် ၅၇ အဆန်အမြန်ရထားအတွက် ရိုးရိုးတန်း ယခင် ၃၀ နေရာပေးရာမှ ၄ နေရာ ထပ်ပြီးတော့တိုးထားပါတယ်။ စုစုပေါင်း ရွာထောင်မှာ အထက်တန်းအပါအဝင်ဆိုရင် စုစုပေါင်း ၄၄ နေရာ သတ်မှတ်ပြီးတော့ ၁၄-၁၀-၂၀၁၃ ကစပြီးတော့ ရောင်းချပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတစ်လျှောက် ကြိုးမဲ့ဆက်သွယ်ရေးစက်များနှင့် ပတ်သက်ပြီးတော့ လမ်းပိုင်းအတွင်းမှာ ဘူတာ ၅၈ ဘူတာရှိပါတယ်။ အဲ့ဒီမှာ ကိုယ်စီဆက်သွယ်ရေးစက်များ တပ်ဆင်ထားပြီးတော့ ထပ်ဆင့်လွှင့်စက်များပါတပ်ဆင်ထားကာ ရထားကြီးကြပ်ရေးမှူးရုံးများနှင့်လည်းကောင်း၊ ဘူတာစဉ်ဆက်သွယ်မှု၌လည်းကောင်း ကောင်းမွန်အောင်ဆောင်ရွက်ထားရှိပါတယ်။ ချို့ယွင်းမှုဖြစ်ပေါ်လာလျှင်လည်း အမြန်ပြုပြင်ပေးခြင်း၊ အစားထိုးတပ်ဆင်ပေးခြင်းများ အမြန်ဆောင်ရွက်နိုင်ရန်အတွက် အရံစက်အသစ်များကိုလည်း ဝယ်ယူပြီးတော့ သက်ဆိုင်ရာအင်ဂျင်နီယာမှူးများထံသို့ ကြိုတင်ထုတ်ပေးထားပြီးဖြစ်ပါတယ်။ အချက်ပြများအနေနဲ့ ၎င်းလမ်းပိုင်းအတွင်း ယခင်က ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ထိန်းချုပ်မှုမရှိတဲ့ Fixed distance working outer အချက်ပြစနစ်ကိုသာ တပ်ဆင်ထားပါတယ်။ သို့သော်လည်း ၂၀၀၄-၂၀၀၅ ခုနှစ်ကစပြီးတော့ လမ်းမှာများ၊ လမ်းခွဲပွိုင့်များအထိ ရထားများဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သော့အိမ်ထိန်းချုပ်တဲ့ ရထားထုတ်သွင်းပြုနိုင်တဲ့ ချိတ်ဆက်စနစ်ကို ရွာထောင်ဘူတာ၊ ဟိုပင်ဘူတာ၊ မိုးကောင်းဘူတာ ၃ ဘူတာမှအပ ကျန်ဘူတာတွေမှာ တပ်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ ယခု ဘဏ္ဍာနှစ်အတွင်းမှာတော့ ရွာထောင်ဘူတာမှာရှိတဲ့ အချက်ပြစနစ်ကို တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာ့မီးရထားရှိ သက်တမ်းရှိလူစီးတွဲ ၈၉၁ တွဲ၊ သက်တမ်းလွန်လူစီးတွဲ ၄၀၄ တွဲ၊ စုစုပေါင်း ၁၂၉၅ တွဲရှိပြီးတော့ သက်တမ်းလွန်လူစီးတွဲတွေကိုတော့ စိတ်ချစွာပြေးဆွဲအသုံးပြုနိုင်ရန်အတွက် ပြင်ဆင်ပေးလျက်ရှိပါတယ်။ မန္တလေးမှ မြစ်ကြီးနားအထိ ပြေးဆွဲနေတဲ့ လူစီးရထား အဆန် ၅ စီး၊ အစုန် ၅ စီး၊ စုစုပေါင်းတွဲဆိုင်း ၁၃ ဆိုင်းနဲ့ ပြေးဆွဲပေးလျက်ရှိပါတယ်။ အသုံးပြုတဲ့တွဲတွေကတော့ အထက်တန်းအိပ်ခန်း ၂၀၊ အထက်တန်းထိုင်ခုံ ၂၆ တွဲ၊ ပထမတန်း ၁၂ တွဲ၊ ရိုးရိုးတန်း ၆၉ တွဲ၊ ဘရိတ်တွဲ ၁၃ တွဲအပါအဝင် စုစုပေါင်း ၁၃၀ တွဲဖြစ်ပါတယ်။ လူစီးတွဲများရဲ့ သက်တမ်းက ၃၀ သတ်မှတ်ထားပြီးတော့ သက်တမ်း ၃၀ နှစ်အတွင်း လူစီးတွဲ ၁၁၀ တွဲ၊ သက်တမ်း ၃၀ နှစ်အထက် ကျော်တဲ့လူစီးတွဲ ၃၀ ခန့်နှင့် မန္တလေး- မြစ်ကြီးနားရထားလမ်းပိုင်းကို ပြေးဆွဲလျက်ရှိပါတယ်။ သက်ဆိုင်ရာစက်ရုံများမှာ ဆက်လက်ထိန်းသိမ်းပြုပြင်ပေးပါတယ်။ ယခုအခါမှာတော့ ခရီးသည်များအတွက် ဝန်ဆောင်မှုပိုမိုဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတွဲပြင်ရုံမှာ တစ်နှစ်မှာ ၄၈ တွဲပုံမှန် ပြင်ဆင်မှုလုပ်ငန်းစဉ်အပြင် ပြန်လည်ဆေးသုတ်မွမ်းမံပေးလျက်ရှိပြီးတော့ အခြားမွမ်းမံမှုများကို နယ်စက်ရုံများ၌ပင် မြစ်ငယ်စက်ရုံမှသွားရောက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ

လူစီးတွဲသစ်စက်ရုံတည်ဆောက်ပြီးတော့ ရိုးရိုးတန်း လူစီးတွဲ ၆၀ အသစ်တည်ဆောက်မှာ ဖြစ်ပါတယ်။ ထို့အတူ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အိန္ဒိယနိုင်ငံ ချေးငွေနဲ့ လူစီးတွဲ ရိုးရိုးတန်း ၁၇၅ တွဲ၊ အထက်တန်း ၂၀ တွဲ၊ ဘရိတ်တွဲ ၂၀ တွဲ ဝယ်ယူရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေနဲ့ ရိုးရိုးတန်း ၁၀၀ တွဲ၊ အထက်တန်း ၂၀၀ တွဲကို မြစ်ငယ်စက်ရုံမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလူစီးတွဲသစ်များ ရရှိချိန်မှာ အစားထိုးလဲလှယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူစီးတွဲသစ်များ အစားမထိုးနိုင်မီကာလအတွင်းမှာ မြစ်ကြီးနားလမ်းပိုင်းမှာ ပြေးဆွဲနေတဲ့ ၃၃ အဆန်/ ၃၄ အစုန် ရထားတွဲဆိုင်းမှာရှိတဲ့တွဲတွေက အရည်အသွေးကျဆင်းသောတွဲ ၂ တွဲဆီ အစားထိုးစနစ်နဲ့ မြစ်ငယ်စက်ရုံကို ပေးပို့ပြုပြင်ခြင်း၊ မန္တလေး၌ ပြုပြင်နိုင်သည်များကို မြစ်ငယ်စက်ရုံမှ တွဲပြုပြင်ရေးအဖွဲ့က သွားရောက်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပြီးတော့ တွဲသစ်များဖြင့် အစားမထိုးနိုင်မီ တွဲအရည်အသွေးကို ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**နတ်မောက်မှ မကွေးသို့လျှာထားပြီး မီးရထားလမ်းအပိုင်းကို နတ်မောက်မြို့နယ်အနောက်တောင်ဘက်ခြမ်းနှင့် မကွေးမြို့နယ် အရှေ့မြောက်ဘက်ခြမ်းတို့ကို ပြောင်းလဲဖြတ်သန်းဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်သို့ လာရောက်ပြီးတော့ လေ့လာသူများအားလုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော်ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော်ဒီမေးခွန်းကို မေးတဲ့အချိန်ကနည်းနည်းလေး နောက်ကျပြီလို့ ကျွန်တော်ယူဆပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်မေးခွန်းမေးတဲ့အကြောင်းအရာလေး ဖြစ်ပေါ်လာပုံလေးကို အနည်းအကျဉ်းကျွန်တော် တင်ပြလိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီရထားလမ်းဖောက်တဲ့နေရာမှာ ရွာတော်ကနေပြီးတော့ နတ်မောက်ကို ဖောက်ပါတယ်။ ဖောက်တဲ့အခါမှာ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့

ကျေးရွာတွေကို ဖြတ်သန်းပြီးဖောက်တဲ့အတွက် ကျွန်တော်တို့ ပိုပြီးတော့ အဆင်ပြေပါတယ်။ အခု ရထားလမ်းပိုင်းဟာလည်းပဲ RBE အတွဲ ၃ တွဲကို ခြေချစရာနေရာမရှိအောင် လူသိများပြားနေတာကို တွေ့ရပါတယ်။

အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ ရထားလမ်းဟာ ကားလမ်းနဲ့ ဝေးကွာတဲ့နေရာမှာ တည်ရှိလို့သာလျှင် ရထားလူစီးများခြင်းဖြစ်တယ်လို့ ကျွန်တော်အဲ့လိုလေး သုံးသပ်မိပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော် ဒီမေးခွန်းဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်နဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ မီးရထားလမ်းပိုင်းက ပျော်ဘွယ်မြို့နယ်က မြန်အောင်၊ နတ်မောက်မြို့နယ်က ရွာတော်၊ နတ်မောက်ဘူတာသို့ တည်ဆောက်ပြီးစီးတဲ့နေ့မှ နေ့စဉ် ပြေးဆွဲလျက်ရှိပါတယ်။ ယခုလက်ရှိလမ်းပိုင်းဟာ နတ်မောက်မြို့နယ် အတွင်းမှာ တံခွန်တိုင်ရွာ၊ ရွာတို့အနီးမှာလည်းကောင်း၊ မကွေးမြို့နယ်အတွင်းက ကြာကန်၊ ညောင်ကန်နှင့် ကန်ပြားရွာအနီးမှာလည်းကောင်း လျှာထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၎င်းရွာများမှာ ပျော်ဘွယ်က မကွေးကိုဖောက်လုပ်ထားတဲ့ ကားလမ်းမကြီးပေါ်မှာတည်ရှိပြီးဖြစ်ပါတယ်။ လက်ရှိလျှာထားတဲ့ မီးရထားလမ်းသည်လည်းပဲ ကားလမ်းနှင့်အပြိုင်ဖြစ်နေတယ်လို့ တွေ့ရပါတယ်။ ဒါ့အပြင် ချောင်းအကျယ်ကြီးများဖြစ်တဲ့ နတ်မောက်ဘက်က ရေဝပ်ချောင်း၊ ဒေသအခေါ် တံခွန်တိုင်ချောင်း၊ မကွေးမြို့နယ်က လိပ်ကန်းချောင်းတို့အပြင် ချောင်းငယ်များစွာ ဖြတ်သန်းရမှာဖြစ်တဲ့အတွက် တံတားကုန်ကျစရိတ်များစွာရှိမယ်လို့ ခန့်မှန်းပါတယ်။ အကယ်၍ နတ်မောက်မြို့နယ် အနောက်တောင်ဘက်ခြမ်းဒေသနှင့် မကွေးမြို့နယ် အရှေ့မြောက်ဘက်ခြမ်းဒေသရှိ ကျေးရွာများကို ဖြတ်သန်းပြီး ပြုပြင်လျှာထားဖောက်လုပ်မည်ဆိုပါက တံတားများအတွက် ကုန်ကျစရိတ် လွန်စွာသက်သာပြီးတော့ ဆက်သွယ်ရေးဝေးလံခက်ခဲတဲ့ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေမည်ဖြစ်တဲ့အပြင် မီးရထားဌာနအတွက်လည်း ဝင်ငွေတိုးစေမည်ဟု ယူဆရပါတယ်။

သို့ဖြစ်ပါ၍ နတ်မောက်မှ မကွေးသို့ လျှာထားသည့်မီးရထားလမ်းပိုင်းကို ကားလမ်းနှင့်မပြိုင်စေဘဲ နတ်မောက်မြို့နယ် အနောက်တောင်ဘက်ခြမ်းနှင့် မကွေးမြို့နယ် အရှေ့မြောက်ဘက်ခြမ်းတို့ကို ဖြတ်သန်းဖောက်လုပ်သင့်ပါကြောင်းနှင့် ဒီလိုပြောင်းလဲလျှာထားရန် အစီအစဉ်ရှိ/မရှိ သိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးမှ နတ်မောက်မြို့မှ မကွေးသို့လျှောထားပြီး မီးရထာလမ်းအပိုင်းကို ကားလမ်းနှင့် မပြိုင်စေဘဲ နတ်မောက်မြို့နယ် အနောက်တောင်ခြမ်းနှင့် မကွေးမြို့နယ် အရှေ့မြောက်ခြမ်းတို့ကို ဖြတ်သန်းဖောက်လုပ်သင့်ပါကြောင်းနှင့် ဤသို့ပြောင်းလဲလျှောထားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလာတဲ့ ကိစ္စကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းခရီးမိုင် ၉၄.၇၁ မိုင်ကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က စပြီးတော့ ဖောက်လုပ်ခဲ့ရာမှာ ပျော်ဘွယ်-ရွာတော်လမ်းပိုင်း ၂၂.၁၂ မိုင်ကို ၁၆-၁-၂၀၁၀ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဖွင့်လှစ်ခဲ့ပြီးတဲ့နောက်မှာ ပျော်ဘွယ်-ရွာတော်(၃)၊ ပျော်ဘွယ်-ရွာတော်(၄) ရထားများ ပြေးဆွဲလျက်ရှိပါတယ်။ ရွာတော်-နတ်မောက်လမ်းပိုင်း ၃၅.၄၂ မိုင်ကိုလည်း ၁၃-၃-၂၀၁၃ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီးတော့ ပျော်ဘွယ်-နတ်မောက်သစ်(၁)၊ပျော်ဘွယ်-နတ်မောက်သစ်(၂)ရထားများနှင့် ကံပြား-မကွေးလမ်းပိုင်း ၇.၆၈ မိုင်ကို ၁၉-၁၂-၂၀၀၉ ရက်နေ့မှာ ဖွင့်လှစ်ပေးခဲ့ပြီးတော့ မကွေး (၁)၊ မကွေး(၂)ရထားများ ပြေးဆွဲလျက်ရှိပါတယ်။

နတ်မောက်-ကံပြားလမ်းပိုင်း ၂၉.၄၉ မိုင်လမ်းအူကြောင်းဟာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့အတိုင်းပဲ နတ်မောက်-မကွေးကားလမ်းနှင့် နီးကပ်စွာတည်ရှိနေတဲ့အတွက်ကြောင့် အဲ့ဒီလမ်းပိုင်းကိုဖောက်လုပ်ခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် အကျိုးရှိမှုနည်းပါးတဲ့အတွက်ကြောင့် လုပ်ငန်းကို ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဇွန်လကစပြီး လုပ်ငန်းရပ်ဆိုင်းထားပါတယ်။ လတ်တလောအားဖြင့်တော့ ဆက်လက်ဆောင်ရွက်ဖို့အစီအစဉ်မရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အစီအစဉ်မရှိသော်လည်းပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ကျော်စိုးတင်ပြတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ နတ်မောက်မြို့နယ် အနောက်တောင်ဘက်ခြမ်းနှင့် မကွေးမြို့နယ် အရှေ့မြောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေကို ကွေ့ပတ်ဖောက်လုပ်နိုင်မယ့် လမ်းအူကြောင်းသစ် ရှာဖွေလျက်ဖြစ်မြောက်နိုင်ခြေ

လေ့လာမှုဆောင်ရွက်ပြီးတော့ အကျိုးအမြတ်ရှိ/မရှိ ပြန်လည်စိစစ်သွားမှာဖြစ်တဲ့အကြောင်းရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**လယ်ယာမြေမှတ်ပုံတင်ခြင်း ကာလတိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်အားလုံး ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာကြပါစေလို့မေတ္တာပို့ရင်းဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရေစကြိုမဲဆန္ဒနယ်မြေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၂ လယ်ယာမြေဥပဒေအရ တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စနှင့်ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်လို့ မူလက ၂၀၁၃ ခုနှစ် မတ်လမှာ တစ်နှစ်သတ်မှတ်ခဲ့သည့်အတွက် မတ်လမှာ ကုန်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ယင်းမာပင်မဲဆန္ဒနယ်က ကိုယ်စားလှယ်တော်ကြီး ဦးသောင်းဟန်ရဲ့တင်ပြမှုကြောင့် နောက်ထပ်တစ်နှစ် ကာလထိတိုးမြှင့်သတ်မှတ်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုတစ်နှစ်ကုန်တော့မယ့်ကာလ ဒီနေ့အချိန်ထိ လယ်ယာမြေမှတ်ပုံတင်ကိစ္စများကို ပြီးမြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်တဲ့ကိစ္စတွေ တွေ့နေရတဲ့အတွက် ယခုကဲ့သို့မေးမြန်းဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ နယ်မြေမှာပဲ နိုင်ငံတော်ရဲ့ လုံခြုံရေးစီမံချက်အရ ၂၅၆၊ ၂၅၇၊ ၂၅၈ ဆိုတဲ့တပ်ရင်းသုံးရင်းကို တည်ဆောက်ထားတဲ့အထဲက သီးခြားချထားတဲ့မြေအချို့ နောက်မူလသတ်မှတ်မြေကနေပြီးမှ နောက်ထပ်ချဲ့ထားတဲ့မြေအချို့ကိုရရှိလိုကြောင်း ပြည်ထောင်စုမြေသိမ်းကော်မရှင်ဆီမှာ တိုင်ကြားတဲ့ စာအနည်းငယ်သာ တွေ့ရှိရပါတယ်။

သို့သော်လည်းပဲ ခေတ်ကာလအဆက်ဆက်က မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ရှုပ်ထွေးမှုများကြောင့် ယနေ့အချိန်ကာလထိ ကျွန်တော့်ရဲ့နယ်မြေမှာ လယ်ယာမြေမှတ်ပုံတင်ခွင့်လုပ်ဆောင်ခဲ့တာဟာ ၁၃.၄၁ ရာခိုင်နှုန်းပဲ ပြီးမြောက်ခဲ့တာတွေ့ရပါတယ်။ ဒါ့ကြောင့် ဒီလယ်ယာမြေမှတ်ပုံတင်ခြင်းကိစ္စနှင့်ပတ်သက်လို့ နိုင်ငံတော်သမ္မတကြီးကလည်းပဲ လယ်ယာမြေမှတ်ပုံတင်ကိစ္စကို အမျိုးသားတာဝန်အဖြစ်ထမ်းရွက်ကြပါလို့ မှာကြားခဲ့တဲ့အပြင် ၉-၈-၂၀၁၃ ခု သမ္မတအိမ်တော်မှာ ပြောကြားခဲ့

တဲ့မေးခွန်းမှာလည်းပဲ ဒီလယ်ယာမြေမှတ်ပုံတင်ခြင်းကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးခြင်းအားဖြင့် ကျွန်တော်တို့ တောင်သူလယ်သမားများမှာ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ မြေယာနှင့်ပတ်သက်တဲ့ ပေါင်နှံခွင့်၊ ရောင်းချခွင့်၊ ချေးငွေရရှိခွင့်တွေကို မြှင့်တင်လုပ်ဆောင်ပေးခြင်းအားဖြင့် တောင်သူလယ်သမားတွေရဲ့ စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် အားလုံးက ပူးပေါင်းဆောင်ရွက်ကြပါလို့ မိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားသွားတာကို တွေ့ရှိရပါတယ်။

ထိုနည်းတူစွာပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အကြီးအမှူးပြုပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီးတော့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို လပေါင်းများစွာ ကြိုးစားညှိနှိုင်းဆောင်ရွက်ပြီးတော့ အဖက်ဖက်က ပြည့်စုံကောင်းမွန်အောင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို အကြိမ်ကြိမ်ဖိတ်ခေါ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့တဲ့အတွက် ၃-၁၀-၂၀၁၃ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ အတည်ပြုပြီး ဖြစ်ပါတယ်။ မကြာခင်မှာ ဒီဥပဒေကြီး ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ဥပဒေကြီးထွက်ပေါ်သော်လည်းပဲ ကျွန်တော်တို့ရဲ့ တောင်သူလယ်သမားတွေရဲ့လက်ထဲမှာ လယ်ယာမြေမှတ်ပုံတင်များ မရှိကြဘူးဆိုရင် စားပါစားပါ ပြောပြီးတော့ ပါးစပ်ထဲမဝင်စေနဲ့ဆိုတဲ့ သဘာမျိုးသက်ရောက်သွားပြီးတော့ အကျိုးမထိရောက်မှာ ကျွန်တော်များစွာစိုးရိမ်မိပါတယ်။ ပေးလိုသူတို့ရဲ့ စေတနာနဲ့မေတ္တာတွေက ရသင့်ရထိုက်တဲ့ လူတွေရဲ့ လက်ထဲကို မှန်ကန်စွာရောက်ပြီး အကျိုးရှိကြမှသာလျှင် ရေကန်အသင့် ကြာအသင့်ဆိုတာလို အားလုံးစိတ်ချမ်းသာကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်ယာမြေဥပဒေမှတ်ပုံတင်ခြင်းဟာ မြန်မြန်ဆန်ဆန်ပြီးမြောက်ဖို့ မဖြစ်မနေလိုအပ်တယ်လို့ ထင်မြင်သုံးသပ်မိပါတယ်။ အဲ့ဒီအတွက် အောက်ပါမေးခွန်း ၃ ခုကို မေးမြန်းတင်ပြအပ်ပါတယ်။

(၁)လယ်ယာမြေမှတ်ပုံတင်ခြင်းကာလဟာ ထပ်မံတိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၂) ရှိပါက မည်မျှတိုးမြှင့်ပေးပါမည်နည်း။ (၃) မြေယာမှတ်ပုံတင်မှု မှန်ကန်မြန်ဆန် အောင်မြင်စွာပြီးမြောက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများ အသီးသီးသို့ မည်သည့်အစီအစဉ် ဆောင်ရွက်မှုများအား ဆောင်ရွက်စီစဉ်နေပါကြောင်းတို့ကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဌေးအောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများရဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက မြေပြင်စိစစ်ဆောင်ရွက်ပေးလျက်ရှိရာတွင် လုပ်ငန်းအခက်အခဲမရှိစေရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ မျက်ခြေမပြတ် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အခန်း (၈)၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်း၊ ဥပဒေပုဒ်မ ၂၂ (က)မှ ၂၅ အထိမှာ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် စပ်လျဉ်းပြီးဖြေရှင်းဆောင်ရွက်ရန် တိကျစွာပြဋ္ဌာန်းပြီးဖြစ်သည်နှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

လယ်ယာမြေမှတ်ပုံတင်လုပ်ငန်းတွင် အမိကတွေ့ကြုံရမယ့် ပိုင်ဆိုင်မှုအငြင်းပွားခြင်းကိစ္စရပ်များကိုလည်း စနစ်တကျ လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၇-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅/(၀၁၈/၂၀၁၃) ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် အငြင်းပွားမှုဖြေရှင်းဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့် အခြေခံအချက်များအားလည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၇-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၂/လယ-၅/(၀၁၉/၂၀၁၃) ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားသော မူလမှုခင်းဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများအားလည်းကောင်း၊ ညွှန်ကြားချက်ထုတ်ပြန်ပေးထားပြီး မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေးကိုလည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအား သိရှိလိုက်နာဆောင်ရွက်နိုင်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများပါ စာအုပ်များကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေစာရင်းဦးစီးဌာနများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်များမှာ စာတစ်အုပ်လျှင် ၇၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း ၁-၇-၂၀၁၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်တဲ့ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့မှ ကြေညာပေးခဲ့ပြီး ဥပဒေ၊ နည်းဥပဒေပါ စာအုပ်များကို လက်ရှိအခြေအနေမှာ အဆိုပါနေရာများ၌ ရောင်းချပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းဟာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များအရ မှတ်ပုံတင်ခြင်းငွေကို ဦးပိုင်လုပ်ကွက်တစ်ကွက်လျှင် ကျပ် ၅၀၀ ကျပ်ပေးသွင်းရာမှအပ အခြား မည်သည့်အခကြေးငွေမှ ကျခံပေးသွင်းရန်မလိုဘဲ ဆောင်ရွက်ပေးလျက်ရှိပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၁၁-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀/လယ-၁၆(၀၀၆/၂၃)ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန်ကိုလည်း ညွှန်ကြားချက်ထုတ် ပြန်ထားလျက်ရှိပါတယ်။

နိုင်ငံနှင့်အဝှမ်းလုံး လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ခုနှစ် တစ်နှစ်တာ ကာလပတ်လုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ စနစ်တကျအောင်မြင်စွာပြီးစီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၈-၂-၂၀၁၃ ရက်နေ့ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားများမှာ ထည့်သွင်းကြေညာပေးခဲ့ပြီး ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ၁-၁-၂၀၁၃ ရက်နေ့မှစတင်ပြီး နိုင်ငံအဝှမ်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိရာ ၃၁-၁၀-၂၀၁၃ ရက်နေ့အထိ တောင်သူလယ်သမားများ လက်ဝယ်အရောက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ၈၆.၉၁ ရာခိုင်နှုန်းထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ၁၀၀ ရာခိုင်နှုန်း ထုတ်ပေးပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခု၊ ၈၀ ရာခိုင်နှုန်းအထက် ခုနှစ်ခု၊ ၇၀ ရာခိုင်နှုန်းအထက် တစ်ခုနှင့် ၄၈ ရာခိုင်နှုန်း ရခိုင်ပြည်နယ် တစ်ခုသာလျှင် ကျန်ရှိပါတယ်။ ရာနှုန်းပြည့်ပြီးစီးသည်အထိ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ အထူးအလေးထားဆက်လက်ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်နှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များကို တောင်သူလယ်သမားများလက်ဝယ် အလျင်အမြန်ရောက်ရှိစေရေးအတွက် တိုင်း ဒေသကြီးနှင့်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အသီးသီးမှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရာနှုန်းပြည့်အကောင်အထည်ဖော် ပြီးစီးသည့်တိုင်အောင် ဥပဒေအရ အငြင်းပွားခြင်းလုပ်ငန်းများ ရှောင်း၊ ပေါင်၊ ငှား၊ ပေး စသည့်လုပ်ငန်းများအတွက် စဉ်ဆက်မပြတ် တစ်စိုက်မတ်မတ် ဆက်လက် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ကျောက်တန်းမြို့နယ်၊ ကွင်းအမှတ် (၆၂၁)၊ ဦးပိုင်အမှတ် ၃၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃ ရှိမြေ ၃၈.၉၂ ဧကအား လက်ရှိပိုင်ရှင်များ၏အမည်နှင့် မြေခွန်ပြေစာများ ပြန်လည်ရရှိရေးဆောင်ရွက်ပေးရန်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ခင်(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်သို့ လေ့လာရေးလာရောက်ကြတဲ့ ဧည့်သည်တော်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ မြေ ၁၁ ဧက ပေါ်မှာ အကောက် ခွန်ဦးစီးဌာနအနေဖြင့် ထွက်ရှိနေတဲ့ မြေခွန်ပြေစာများနှင့်ပတ်သက်ပြီးတော့ မေးခွန်းအဖြစ်တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ အုပ်စုပိုင် ဖြူချောင်းအနောက် ကွင်းအမှတ် (၆၂၁) ဦးပိုင်အမှတ်များဖြစ်တဲ့ အမှတ် ၃၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃ တို့မှာရှိတဲ့ မြေဧက ၃၈.၉၂ ဧကကို အကောက်ခွန်သင်တန်းကျောင်းဆောက်လုပ်ရန်ဆိုပြီးတော့ ၁၉၉၀ ခုနှစ်က မြေယာပိုင်ဆိုင်လုပ်ကိုင်သူ ၁၁ ဦးထံမှ သိမ်းယူခဲ့တယ်လို့ သိရှိရပါတယ်။ ထိုခေတ် ထိုအခါက သိမ်းယူခဲ့ရာမှာ မြေယာလျော်ကြေးပေးဆောင်ခြင်း၊ ထိရောက်တဲ့အမိန့်ညွှန်ကြားချက်များ ပေးပို့ခြင်း၊ အိမ်ဂရန်များဖယ်ရှားခိုင်းခြင်းစတဲ့ကိစ္စရပ်များကို တိတိကျကျဆောင်ရွက်ခဲ့ခြင်းမရှိဘူးလို့

လည်းသိရှိရပါတယ်။ ထိုအတွက်ကြောင့်လည်း မူလပိုင်ရှင်များက ယနေ့အချိန်အထိကို အဆိုပါနေရာများမှာ နေထိုင်မြဲ နေထိုင်လျက်ရှိကြပါတယ်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ၁၉၉၀ ပြည့်နှစ်ကနေစပြီးတော့ ယနေ့အချိန်ထိကို မည်သည့်လုပ်ငန်းဆောင်ရွက်ချက်မှ ဆောင်ရွက်တာကို မတွေ့ရှိရပါဘူး။ သို့သော်လည်း ၁၉၉၅ ခုနှစ်၊ ၁၉၉၆ ခုနှစ်များကစပြီးတော့ မူလပိုင်ရှင်အမည်ပေါက်မြေခွန်ပြေစာများအစား အကောက်ခွန်ဦးစီးဌာနအနေဖြင့် မြေခွန်ပြေစာများထွက်ရှိလာပါတယ်။ မြို့နယ်မြေစာရင်းဌာနကိုစုံစမ်းတဲ့အခါမှာလည်း လန-၃၉ ကျပြီးဖြစ်တယ်လို့သိရှိရပါတယ်။ အဆိုပါမြေခွန်ပြေစာများကိုလည်း မူလပိုင်ရှင်များက ဆက်လက်ထမ်းဆောင်လျက်ရှိတာကို တွေ့ရှိရပါတယ်။ နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် တချို့မူလပိုင်ရှင်များအနေဖြင့်လည်း မိမိတို့ရဲ့မြေယာများကို ပိုင်းစိတ်ပြီးတစ်ဆင့်လွှဲပြောင်းရောင်းချနေထိုင်ကြတာကိုတွေ့ရပါတယ်။ အဆိုပါမြေနေရာများပေါ်မှာ လူဦးရေ ၃၀၀ ကျော်ယနေ့နေထိုင်လျက်ရှိတာတွေ့ရပါတယ်။ ယနေ့ပွင့်လင်းမြင်သာစွာဆောင်ရွက်နေတဲ့အချိန်မှာ မြေယာပိုင်ဆိုင်သူများအနေဖြင့် မိမိတို့ရဲ့ဥယျာဉ်ခြံမြေများကို အကောက်ခွန်ဦးစီးဌာနအမည်မှ မိမိတို့မူလပိုင်ရှင်များအမည်ဖြင့် မြေခွန်ပြေစာများကို ပြန်လည်ရယူလိုကြပါတယ်။ ယနေ့ မြေယာမှတ်ပုံတင်ခြင်းကိစ္စများကိုလည်း ဆောင်ရွက်နေတဲ့အချိန်ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ မြေယာပိုင်ဆိုင်ခွင့်ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ တင်ပြအကူအညီတောင်းခံမှုကို ဤလွှတ်တော်မှ တစ်ဆင့်တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းကတော့ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာပိုင် ခရချောင်းအနောက် ကွင်းအမှတ်(၆၂၁) ဦးပိုင်အမှတ် ၃၊ ၅၊ ၆၊ ၇၊ ၁၁၊ ၁၂၊ ၁၃ တို့မှာရှိတဲ့ မြေဧက ၃၈.၉၂ ဧကအား အကောက်ခွန်ဦးစီးဌာနအမည်မှ လက်ရှိမူလပိုင်ရှင်များ၏ အမည်ဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများဖြစ်တဲ့ မြေခွန်ပြေစာများကို ပြန်လည်ရရှိ၍ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ခင်ရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် မြေသိမ်းမှုပြဿနာများကိုလျှင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ(၂)ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်သောမြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃) ဖြင့်လည်းကောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအား အထောက်အကူပြုနိုင်ရန်နှင့် မြေပြင်တွင် အခက်အခဲပြဿနာများဖြစ်နေသည့်ကိစ္စရပ်များအား ဖြေရှင်းကျော်လွှားနိုင်ရေးညှိနှိုင်းဖြေရှင်းနိုင်ရန် နေပြည်တော်အပါအဝင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၁၉-၉-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၆၂၁/၂၅၂-ကော်မတီ/အဖရ (၂၀၁၃) ဖြင့်လည်းကောင်း ဖွဲ့စည်းပေးခဲ့ပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ၊ ခရုချောင်းအနောက်ကွင်း၊ မြေကွက်အမှတ် (၆၂၁)ရှိ မြေဧရိယာစုစုပေါင်း ၃၈.၉၂ ဧကအား အကောက်ခွန်ဦးစီးဌာနသင်တန်းကျောင်းဆောက်လုပ်ရန် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၃-၉-၁၉၉၁ ရက်စွဲပါစာအမှတ်၊၃၈၁/၃၉၂/တ၀တ ဖြင့် လ/န ၃၉ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယင်းခွင့်ပြုချက်အရ အကောက်ခွန်ဦးစီးဌာနရဲ့ ၁၆-၉-၁၉၉၆ ရက်စွဲပါစာအမှတ်၊ ၂၂-ထပ/၉၆(၁၃၀) ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ညှိနှိုင်းခဲ့ပါကြောင်း၊ ယင်းသို့ညှိနှိုင်းခဲ့ရာမှာ ဖော်ပြပါ မြေဧရိယာ ၃၈.၉၂ ဧကဟာ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းသတ်မှတ်နယ်မြေအတွင်း ပါဝင်နေသဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၃-၁၀-၁၉၉၆ ရက်စွဲပါ စာအမှတ်၊မတ/အထထ-၅/၉၆ (၉၁၇)ဖြင့် ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း၊ ပြန်ကြားခဲ့ပါ၍ အဆိုပါနေရာအား အကောက်ခွန်ဦးစီးဌာနပိုင်မြေအဖြစ် အသုံးပြုခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာ ပါရှိတဲ့မြေမှာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၁)၊ ခရုချောင်း

အနောက်ကွင်း၊ ဦးပိုင်အမှတ် ၃၊၅၊၆၊၇၊၁၁၊၁၂၊၁၃ ရှိဧရိယာ ၃၈.၉၂ ဧကရှိပြီး ယခင်ကဥယျာဉ်မြေဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေနဲ့ သင်တန်းကျောင်းမြေအဖြစ် မြေရယူစဉ်ကာလက မြေခွန်စည်းကြပ်ခံရသူ အမည်စာရင်းပါသူတို့မှာ သက်ရှိထင်ရှားမရှိတော့ဘဲ ၎င်းတို့ရဲ့ သားစဉ်မြေးဆက်အချို့သာ ဆက်လက်နေထိုင်လျက်ရှိပြီး၊ အခြားသူများမှာလည်း တစ်ဆင့်ဝယ်ယူနေကြသူများဖြစ်ကြောင်းသိရှိရပြီး၊ ကျောက်တန်းမြို့နယ် မြေစာရင်းဦးစီးဌာနရဲ့ အခွန်စည်းကြပ်မှု မှတ်ပုံတင်စာရင်းတွင် ရန်ကုန်တိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှုအဖွဲ့ရဲ့အမိန့်အရ အကောက်ခွန်ဦးစီးဌာနအမည်ကို မှတ်သားထားရကြောင်းသိရှိရပါသည်။

လယ်ယာမြေဥပဒေ၊ အခန်း (၁၀)၊ လယ်ယာမြေကိုအသုံးချခြင်းတွင် လယ်ယာမြေအခြားနည်းဖြင့်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် တိကျစွာပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၂၉၊ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်းအကောင်အထည်ဖော်မယ့်ဝန်ကြီးဌာနဟာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ပုဒ်မ ၃၀၊ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကိုအခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး အခြားမြေများကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်ဟုပါရှိပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၃၁ မှာ ပုဒ်မ ၃၀ အရ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်နေ့မှ ၆ လအတွင်း လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်တယ်

လို့ပြဋ္ဌာန်းထားရှိပြီး လယ်ယာမြေနည်းဥပဒေ ၉၁ တွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ကွင်းဆင်းစစ်ဆေးရာတွင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံး ပြုခွင့်ရရှိထားသူသည် ခွင့်ပြုသည့်နေ့ရက်မှ ၆ လအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင် အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိကြောင်း သော်လည်းကောင်း တွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ခတ်ပုံမှတ်တမ်းနှင့် အတူတင်ပြရမည်ဟု တိကျစွာပြဋ္ဌာန်းထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ လက်ရှိပိုင်ရှင်များ၏အမည်ဖြင့် မြေပိုင်ဆိုင်မှုအထောက် အထားများ ပြန်လည်ရရှိရေးကိုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း ပြီးသက်ဆိုင်သူများအနေဖြင့် လယ်ယာမြေဥပဒေနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေများအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ကိုယ်တိုင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ လျှောက်ထားသင့်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများအနေ ဖြင့် ဒေသအတွင်းပေါ်ပေါက်လျက်ရှိတဲ့ မြေပြင်ပကတိအခြေအနေမှန်များအား ကွင်းဆင်းစိစစ်၍ သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့နှင့်ညှိနှိုင်းပြီး အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ သိမ်းဆည်းခံရသော လယ်ယာမြေများ ပြန်လည် ပေးအပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှန်ကန်စွာ စိစစ်ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးအောင်ဇင်၊ ပုဇွန်တောင်မဲဆန္ဒနယ်က စိုက်ပျိုးရေးနှင့် မိုးလေဝသကို ချိတ်ဆက်ပေးနိုင်သော စိုက်ပျိုးရေး မိုးလေဝသပညာရပ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကိုအထောက်အကူပြုအကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဇွန်တောင်မဲဆန္ဒနယ်က ဦးအောင်ဇင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒါကြောင့် ပုဇွန်တောင်မဲဆန္ဒနယ်က ဦးအောင်ဇင် အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး ကိုယ်ရောစိတ်ပါကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ အနာဂတ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုမယ့် စိုက်ပျိုးရေးနှင့် မိုးလေဝသပညာရှင်များပါဝင်သော စိုက်ပျိုးရေးနှင့် မိုးလေဝသပညာ သုတေသနကော်မတီတစ်ရပ်ဖွဲ့စည်းဖို့ပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နေထိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ စိုက်ပျိုးရေးလုပ်ငန်းများမှာ လယ်သမားအများစုက ရာသီဥတု အပေါ်မှာပဲ မှီခိုအားထားနေရပါတယ်။ ယခုအခါ စိုက်ပျိုးရေးကဏ္ဍကို ခေတ်နှင့်အညီတိုးတက်ဖြစ်ထွန်းရန်အတွက် စက်မှုခေတ်မီဖွံ့ဖြိုးရေးတွေ၊ စက်မှုလယ်ယာစနစ်တွေပေါ်လာအောင် ကြိုးစားနေ၊ ဆောင်ရွက်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ ဝင်ငွေတိုးတက်စေဖို့နဲ့ လူမှုဘဝတိုးတက်မြင့်မားစေရန်ရည်ရွယ်ပြီး လုပ်ဆောင်နေခြင်းဖြစ်သလို လိုအပ်တဲ့ဥပဒေများကိုလည်း ရေးဆွဲနေခြင်းပဲ ဖြစ်ပါတယ်။

သို့သော်လည်း ပြောင်းလဲနေတဲ့ မြန်မာနိုင်ငံရဲ့ ရာသီဥတုအခြေအနေကို ထည့်သွင်းတွက်ချက်မှု အားနည်းနေတာကိုလည်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ရာသီဥတုများပြောင်းလဲနေခြင်းကို အားလုံးလက်ခံနေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း အစွန်းရောက်ရာသီဥတုနှင့်ကြုံတွေ့နေလာရပါပြီ။ မုတ်သုန်ရာသီဥတုပြောင်းလဲမှုရှိလာနေကြောင်းလည်း ပညာရှင်များထံမှတစ်ဆင့် ကြားသိခဲ့ရပါတယ်။ မိုးများလွန်းခြင်း၊ မိုးနည်းလွန်းခြင်းဟာ အစွန်းရောက်ရာသီဥတုတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကရှိခဲ့တဲ့ မဖို့မရာသီဥတုဟာ ပျောက်ဆုံးခဲ့တာကြာခဲ့ပါပြီ။ ဒီလိုရာသီဥတုဖောက်ပြန်နေတာ ကလည်း မြန်မာတစ်နိုင်ငံတည်းတင်မဟုတ်ပဲ ဒေသကြီးတစ်ခုလုံးမှာဖြစ်နေတာကြောင့် ဒါကိုအားလုံး ကလက်ခံလာကြပါပြီ။ ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ အာရှဖွံ့ဖြိုးရေးဘဏ် ADB ကလုပ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာရန်အတွက် ခေတ်ပြောင်းကာလပြောင်းမှုနှင့် မြန်မာမှအခွင့် အလမ်းနှင့်စိန်ခေါ်မှုများ စာတမ်းပါ အချက် ၄ ချက်ထဲမှာ ဒုတိယအချက်က ရာသီဥတုပြောင်းလဲမှုတစ် ခုလည်း အပါအဝင်ဖြစ်ပါတယ်။ ပြီးတော့လည်း ကမ္ဘာပေါ်မှာ သဘာဝဘေးအန္တရာယ်အဆိုးဆုံးထဲမှာ မြန်မာကဒုတိယလိုက်နေကြောင်းကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ ဂျာမနီကလေ့လာဆန်းစစ်မှု တစ်ခုမှာ ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ အမှန်တကယ်မှာလည်း ရာသီဥတုနှင့်ပတ်သက် တဲ့စိန်ခေါ်မှုဟာ အလွန်ကိုစိုးရိမ်နေရကြောင်း ယခုတစ်ပြိုင်တည်းကြုံတွေ့နေရပြီဖြစ်တဲ့ ရေကြီးခြင်း၊ မိုးနည်းခြင်းများကိုကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက် မှုတစ်ခုနှင့် ရာသီဥတုကိုကာကွယ်လို့မရနိုင်ဘူးဆိုတာလည်း သိလာရပါတယ်။ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့် မြန်မာ့ရာသီဥတုအခြေအနေများနှင့်ပတ်သက်ပြီး စဉ်းစား သုံးသပ်ရာမှာ မိုးလေဝသပညာရှင်များရဲ့ အခန်းကဏ္ဍဟာ အားနည်းနေတာကိုလည်း တွေ့ရှိရပါ တယ်။ ထို့အပြင် အရှေ့တောင်အာရှရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်တဲ့ အစီအရင်ခံစာများ တင်သွင်းရာမှာ မြန်မာနိုင်ငံဟာရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်တဲ့ အစီရင်ခံစာတင်သွင်းရန် လိုအပ်နေကြောင်းလည်း ပညာရှင်ရဲ့ပြောကြားချက်အရ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရှင်များရဲ့ပြောကြားချက်များကို သိရှိခဲ့ရပြီးတဲ့ နောက် ယခုမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေများကလည်း ရာသီဥတုပြောင်းလဲခြင်း ကြောင့် သဘာဝဘေးအန္တရာယ်များကျရောက်နေပြီး တောင်သူလယ်သမားများအနေနဲ့ စိုက်ပျိုးထား မှုများ မကြာခဏပျက်စီးဆုံးရှုံးနေရပါတယ်။ ဒုက္ခပေါ်ဒုက္ခဆင့်နေကြရတာကိုလည်း အားလုံးအသိဖြစ်

ပါတယ်။ ရာသီဥတုဆိုတာကလည်း လူကဖန်တီးလို့ရတာမဟုတ်တာကြောင့် သဘာဝတရားကိုဉာဏ်နှင့်ယှဉ်ပြီး ရင်ဆိုင်ဖြေရှင်းရုံပဲရှိပါတယ်။ ဒါ့ကြောင့်ယခုမြန်မာပြည်မှာဖြစ်ပေါ်နေတဲ့ အစွန်းရောက်ရာသီဥတုကြောင့်ပေါ်ပေါက်နေတဲ့ စိုက်ပျိုးရေးကဏ္ဍနှင့်ဆိုင်တဲ့ပြဿနာများကို ဖြေရှင်းဖို့လိုလာပါပြီ။ မိုးများရင်ဘာလုပ်ကြမလဲ။ မိုးနည်းရင်ဘာလုပ်မလဲ။ ဘယ်လိုသီးနှံတွေစိုက်ပျိုးမလဲ။ နောက်စိုက်ပျိုးဖို့လိုသလဲဆိုတဲ့ အကြံဉာဏ်တွေလည်းပေးဖို့လိုလာပါပြီ။ အဲ့ဒီအချက်အလက်တွေကို ခေတ်မီနည်းစနစ်များနှင့် တွက်ချက်ပြီးဘယ်လိုကြိုတင်ကာကွယ်ရမယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့အချက်တွေကိုပေးနိုင်ဖို့အတွက် မိုးလေဝသပညာရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များပါဝင်တဲ့ ပူးပေါင်းသုတေသနကော်မတီတစ်ရပ် ဖွဲ့စည်းပေးဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ထိုကော်မရှင်မှာ ပညာရပ်နှစ်ခုပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်းပဲ အထူးလိုအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့်မှတာဝန်ယူဆောင်ရွက်ဖို့ အမှန်တကယ်လိုအပ်နေပြီဖြစ်ပါတယ်။ ဒီ့အတွက်စိုက်ပျိုးရေးနှင့်မိုးလေဝသကို ချိတ်ဆက်ပေးနိုင်တဲ့ စိုက်ပျိုးရေးမိုးလေဝသပညာရပ်ဖွံ့ဖြိုးမှုနှင့်အတူ အနာဂတ်မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကိုအထောက်အကူပြု အကောင်အထည်ဖော်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မိုးလေဝသပညာရှင်များပါဝင်တဲ့ စိုက်ပျိုးရေး၊ မိုးလေဝသသုတေသနကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာသော ဂုဏ်သရေရှိပုဂ္ဂိုလ်အားလုံးတို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ယခုအဆိုတင်သွင်းသွားတဲ့ ဦးအောင်ဇင်ရဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီအဆိုဟာဆိုရင် သဘာဝအတားအဆီးအခက်အခဲများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် လယ်ယာသီးနှံစိုက်ပျိုးရေးကို မှီခိုအားထားနေကြရတဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက်သော်လည်းကောင်း၊ အနာဂတ်မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက် အနာဂတ်အစီအမံအဖြစ် စိုက်ပျိုးရေးကဏ္ဍကို မိုးလေဝသပညာရပ်များနှင့် ပေါင်းစပ်ဆောင်ရွက်

နိုင်ရန် ရည်ရွယ်တဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ လွှတ်တော်တွင် ဆွေးနွေးခြင်းဖြင့် အဖြေရှာသင့်သော အဆိုတစ်ရပ်ဖြစ်ကြောင်း လေးစားစွာဖြင့် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဇင်ရဲ့အဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇင်ရဲ့အဆိုအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်များ အထိုက်အလျောက်ကြုံတွေ့ရလျက်ရှိပါတယ်။ ရာသီဥတုဖောက်ပြန်မှု ကြုံတွေ့နေရသော မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်တဲ့ ကရင်၊ မွန်၊ ရခိုင်၊ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ရေကြီးနစ်မြုပ်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အချို့ဒေသတွေမှာ မိုးခေါင်ခြင်းများကြောင့် သီးနှံများပျက်စီးခြင်းများ ဖြစ်ပေါ်နေပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားသဘာဝဘေးကာကွယ်ရေးဗဟိုကော်မတီကို ဒုတိယသမ္မတဦးဆောင်ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်ကျရောက်လျက်ရှိတဲ့ဒေသများသို့ ထိထိရောက်ရောက်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ ရာသီဥတုပြောင်းလဲမှု (Climate Chang) နှင့် မိုးရွာသွန်းမှုအခြေအနေ (Distribution Pattern) အားလေ့လာလျက် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေတွက်ခြေကိုက်မယ့် အကျိုးအမြတ်များတဲ့ သီးနှံများကိုအခြေခံပြီး သီးနှံပုံစံ (Cropping Pattern) များရေးဆွဲခြင်း၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံမျိုးများပြောင်းလဲစိုက်ပျိုးခြင်း (Cross Diversification) သက်တမ်းတိုတဲ့သီးနှံမျိုးများထုတ်လုပ်ခြင်း စသည်တို့ကို ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအလိုက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးခြင်းအားဖြင့် သီးနှံကုန်ထုတ်စွမ်းအားများ တိုးတက်လာခြင်း၊ ဝင်ငွေပိုမိုရရှိခြင်း၊ မိုးလွတ်လေလွတ်စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် အရည်အသွေးကောင်း သီးနှံများရရှိခြင်းစတဲ့အကျိုးကျေးဇူးများရရှိစေနိုင်ပါတယ်။

စပါးအခြေခံသီးနှံပုံစံများရေးဆွဲတဲ့အခါမှာ မျိုးကွဲမများစေရန် အရေးကြီးပါတယ်။ သီးနှံပုံစံရေးဆွဲတဲ့အခါမှာ သက်တမ်းတိုပြီး ဒေသနှင့်ကိုက်ညီတဲ့ ဈေးကွက်ဝင်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် အရေးကြီးပါတယ်။ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနယ်မြေမှာ နွေစပါးကို ဖေဖော်ဝါရီလမှာ အပြီးစိုက်ပျိုးနိုင်ပါက ဧပြီလမှာ မိုးလွတ်လေလွတ် ရိတ်သိမ်းနိုင်မှာဖြစ်ပါတယ်။ မိုးစပါးကို ဇွန်၊ ဇူလိုင်များမှာ အပြီးစိုက်ပျိုးပြီး၊ အောက်တိုဘာ၊ နိုဝင်ဘာလဆန်းမှာ ရိတ်သိမ်းနိုင်ပါက ပဲမျိုးစုံသီးနှံကို ဒုတိယ၊ တတိယသီးနှံအဖြစ်နဲ့ အချိန်မီပြန်လည်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် Cropping System, Cropping Pattern ကို ဒေသရေမြေသဘာဝအရ ချမှတ်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ သက်တမ်းတိုအထွက်ကောင်းသီးနှံမျိုးများကို အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးရေအသုံးပြုရမှု လျော့နည်းသက်သာသဖြင့် စိုက်ပျိုးရေဧရိယာ ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ သက်တမ်းတိုသဖြင့် ပေါင်းနှုတ်ခြင်း၊ ပိုးသတ်ဆေးရောဂါသတ်ဆေးများ ပတ်ဖျန်းကာကွယ်ရမည့် အကြိမ်ရေလျော့နည်းခြင်းတို့ကြောင့် ကုန်ကျစရိတ်သက်သာခြင်း၊ သက်တမ်းတိုမျိုးများကို အသုံးပြုခြင်းဖြင့် အချိန်တိုကာလမှာ ဝင်ငွေပြန်လည်ရရှိခြင်း အစရှိသော အကျိုးကျေးဇူးများရရှိနိုင်ပါတယ်။

ရာသီဥတုပြောင်းလဲလာ၍ ကမ္ဘာကြီးပူနွေးလာပြီး မိုးခေါင်မှုနှစ်စဥ်ကဲ့သို့ ကြုံတွေ့လာနိုင်ပါသဖြင့် မိုးခေါင်ဒဏ်ခံနိုင်တဲ့ သီးနှံအမျိုးများဖော်ထုတ်စိုက်ပျိုးခြင်း၊ စိုက်ချိန်ပြောင်းလဲချိန်ညှိခြင်းတို့ကို စိုက်ပျိုးသည့် မြေအမျိုးအစားအလိုက် ပြောင်းလဲစိုက်ပျိုးရန် အထူးလိုအပ်လာပြီး သီးနှံတစ်မျိုးတည်းစိုက်ပျိုးမှုထက် သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ သီးရောစိုက်ပျိုးခြင်း၊ မိုးခေါင်ဒေသများဖြစ်တဲ့ ယာမြေဒေသတွေမှာ ဇီး၊ သရက်ကဲ့သို့ သီးနှံများနှင့် သီးနှံနှင့်သစ်တောတွဲဖက်စိုက်ပျိုးခြင်း (Agro-forestry)စသည်တို့ကို ကျင့်သုံးလာစေရန်အတွက်လည်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ ကျေးလက်နေပြည်သူများ၏ အဓိကအရေးကြီးဆုံးလိုအပ်ချက်ဖြစ်တဲ့ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် လက်ရှိတည်ဆောက်ထားတဲ့ ဆည်များ၊ မြေအောက်ရေနှင့် မြေရေတင်လုပ်ငန်းများမှ ရေသုံးစွဲရာတွင် လက်ရှိအသုံးပြုမှုနည်းစနစ်

များထက် ရေကိုပိုမိုအကျိုးရှိစွာအသုံးချခြင်း (Water use effiency) နည်းစနစ်များကို အသုံးပြုရန်လည်း စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဆည်မြောင်းအရင်းပိုင်းမှာ စပါးစိုက်ပျိုးပြီး မြောင်းဖျားတွေမှာ ရေလိုအပ်ချက်နည်းတဲ့သီးနှံများကို ရွေးချယ်စိုက်ပျိုးရန်၊ သီးနှံများကို မြောင်းအလိုက် စိုက်ချိန်တစ်ပြိုင်နက်တည်း ချမှတ်စိုက်ပျိုးရန် စသည်တို့ကို Water Management လုပ်ရင်းနဲ့ Cropping Pattern, Cropping System များကို ချမှတ်ဆောင်ရွက်ရန်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး တောင်သူလယ်သမားကဏ္ဍရုပ်သံလွှင့်အစီအစဥ် (Farmer Channel) တစ်ခုကို မြန်မာ့ရုပ်မြင်သံကြားမှာ စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိပါတယ်။ အဆိုပါ (Farmer Channel) မှာ မိုးလေဝသသတင်းအချက်အလက်များနှင့် ဈေးနှုန်းသတင်းအချက်အလက်များအား တောင်သူများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် နေ့စဥ်ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိပါတယ်။

မိုးရာသီအတွင်း ရွာသွန်းခဲ့တဲ့မိုးရေများကို မြေပေါ်မှ စီးဆင်းဆုံးရှုံးသွားမှုမရှိစေရန်အတွက် ယာမြေများကို မိုးမကျမီကြိုတင်ပြီး ထွန်ရေး၊ ထယ်ရေး(နွေထယ်ရေး) ပြင်ဆင်ထားရှိရန်နှင့် နွေထယ်ရေးဆောင်ရွက်ပေးခြင်းအားဖြင့် ရရှိတဲ့အကျိုးကျေးဇူးများကို အောက်ပါအတိုင်း နှိုးဆော်ဆောင်ရွက်ထားရှိပါတယ်။ နွေထယ်ရေးဆောင်ရွက်ခြင်းဖြင့် မြေတွင်ခိုအောင်းနေတဲ့ ပိုးမွှားရောဂါများ သေကျေပျက်စီးခြင်း၊ စိုက်ခင်းအတွင်း ပေါက်ရောက်နေတဲ့ ပေါင်းပင်များနှင့် ပေါင်းမြက်မျိုးစေ့များသေကျေခြင်း၊ သီးနှံပင်အကြွင်းအကျန် (ရိုးပြတ်) များမြေအတွင်းသို့ နစ်မြုပ်စေပြီး ဆွေးမြေ့စေသဖြင့် သီးနှံပင်အတွက်လိုအပ်တဲ့ အာဟာရများရရှိစေခြင်း၊ မြေဆီလွှာဖွဲ့စည်းမှုပိုမို ကောင်းမွန်စေခြင်း၊ မြေဆီလွှာအတွင်းလေဝင်လေထွက်ပိုမိုကောင်းမွန်စေခြင်း၊ အပေါ်ယံမြေဆီလွှာ ရေတိုက်စားမှုမှကာကွယ်ပြီး မြေတွင်အာဟာရဓါတ်ဆုံးရှုံးမှုများ ကာကွယ်ခြင်း၊ ရရှိတဲ့ မိုးရေများ မြေအတွင်းသို့အလွယ်တကူစိမ့်ဝင်နိုင်ပြီး အစိုဓါတ်ကောင်းစွာ ထိန်းသိမ်းထားနိုင်ခြင်း၊ သံဓါတ်များ ဓါတ်တိုးမှုဖြစ်စဥ် မြန်ဆန်ပြီး ရေတွင်မပျော်ဝင်နိုင်တဲ့ သံအောက်ဆိုဒ်အဖြစ်ပြောင်းလဲသဖြင့် သံဓါတ်အဆိပ်သင့်မှုမှ ကာကွယ်နိုင်ခြင်းအစရှိတဲ့ အကျိုးကျေးဇူးများရရှိစေရန်အတွက် နွေထယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် နှိုးဆော်ဆောင်ရွက်လျက်ရှိပါတယ်။

ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံများထိခိုက်ပျက်စီးခြင်းမှ ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်စေရန်အတွက်လည်း နှစ်စဉ်နှစ်တိုင်း ဒေသနှင့်ကိုက်ညီတဲ့ ရေမြုပ်ဒဏ်ခံနိုင်တဲ့ စပါးမျိုးများ၊ ဆပ်ဝမ်းကဲ့သို့စပါးမျိုး၊ ရေနက်ဒဏ်ခံနိုင်တဲ့ ရေနက်စပါးမျိုးများနှင့် သက်တမ်းတိုစပါးမျိုးများကို အရန်မျိုးအဖြစ် ကြိုတင်စုဆောင်းထားရှိနိုင်ရန် မြို့နယ်အလိုက် ကြိုကြိုတင်တင်ဖြင့် နှိုးဆော်စီမံထားရှိရန် ဆောင်ရွက်လျက်ရှိပါတယ်။ ချောင်းကော၊ မြောင်းကောများ၊ ရေနုတ်မြောင်းများ၊ ရေငံတားတမံများနှင့် တာပတ်ခြင်းလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေကျချိန်မှာ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် ကုန်းမြင့်ဒေသများမှာ အရန်ပျိုးခင်းများ ဘောင်ပျိုးစနစ်ဖြင့် ပျိုးထောင်ထားခြင်း၊ ပျက်စီးတဲ့စိုက်ခင်းများကို အရံပျိုးခင်းမှ ပျိုးပင်များ၊ သက်တမ်းတူ စိုက်ပျိုးပြီးစပါးခင်းမှ ထွက်ရှိလာတဲ့ ပင်ပွားများအား သားတက်ခွဲစိုက်ပျိုးခြင်း ပျက်စီးသွားသော စပါးခင်းများကို အထွက်နှုန်းရရှိမှုမထိခိုက်စေရန် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များ ကျင့်သုံး၍ ရေကျလျှင်ကျခြင်းအချိန်မီစိုက်ပျိုးခြင်းစသည်များကိုလည်းပဲ အချိန်မီ နှိုးဆော်ပေးလျက်ရှိပါတယ်။ အထွက်နှုန်းကောင်းစေရန်အတွက် ပြန်စိုက်တဲ့စိုက်ကွင်းများမှာ ကောက်ကွက်ကို စိပ်စိပ်စိုက်ခြင်းဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှာ ပိုးမွှားရောဂါများကျရောက်တတ်သဖြင့် ပြန်လည်စိုက်ပျိုးထားတဲ့စိုက်ခင်းများကို ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် စပါးပင်ကြီးထွားမှု ပိုမိုကောင်းမွန်ရေးအတွက် လိုအပ်တဲ့မြေဩဇာများကို အချိန်ကိုက်အချိုးကျထည့်သွင်းရန် လိုအပ်ပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့်ညှိနှိုင်းဆွေးနွေးပြီး အကူအညီရယူဆောင်ရွက်ရန်လည်း နိုင်ငံပိုင်သတင်းစာများမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အပတ်စဉ်ထုတ်ဝေတဲ့ လယ်ယာစီးပွားသတင်းစာစောင်များမှာ နှိုးဆော်ချက်များအချိန်မီ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

အနာဂါတ်မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး အထောက်အကူဖြစ်စေရန်အတွက် စီးပွားရေးရာကော်မတီအောက်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက နာယကများအဖြစ်ပါဝင်ပြီး ဒုတိယဝန်ကြီးများဦးဆောင်တဲ့ လယ်ယာ၊ သားငါး၊ သစ်တောဆပ်ကော်မတီများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့

၁၆-၈-၂၀၁၃ နေ့စွဲပါစာအမှတ်၊ ၁၄၂၉/၂၅၂-ဆပ်ကော်မတီ/အဖရ(၂၀၁၃) ဖြင့် ဖွဲ့စည်းပြီး ဒေသအလိုက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားချက်အပြည့်အစုံမှာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ မြန်မာနိုင်ငံရှိ အဓိကမြစ်ကြီးများမှာ ရေကြောင်းသွားလာရေးအဆင်ပြေစေရန် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြို့ရွာများ၊ မြစ်ချောင်းများရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းနှင့် မြစ်ရေတင်စက်များ မြစ်ရေရရှိရေးအတွက် နည်းပညာများ ပံ့ပိုးပေးလျက်ရှိပါတယ်။

ထို့အပြင် အထူးစီးပွားရေးဇုန်များမှာ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ သွက်လက်အဆင်ပြေစေရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၉-၁၁-၂၀၁၂ ရက်နေ့မှာ (Sustainable Water Resources Development Standing Committee) အား ဒုတိယသမ္မတ ဦးဆောင်ဖွဲ့စည်းခဲ့ကာ မြန်မာနိုင်ငံအတွင်းရှိ အထူးစီးပွားရေးဇုန်များအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်တဲ့ ရေချိုအရင်းအမြစ်များ ဖော်ထုတ်ပံ့ပိုးပေးနိုင်ရေးလုပ်ငန်းများအား ပြည်တွင်းအဖွဲ့အစည်းများနှင့် သာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲရေးအတွက် မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့အကြား ဘက်စုံရေအားစီမံခန့်ခွဲရေးအလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်အား နေပြည်တော်မှာကျင်းပခဲ့တဲ့ နယ်သာလန်နိုင်ငံ၊ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးနဲ့ (Sustainable Water Resources Development Standing Committee) ကိုယ်စားပြု ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ရေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ နားလည်မှုမှတ်တမ်းအား ၂၉-၅-၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

(Sustainable Water Resources Development Standing Committee) ရဲ့ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းဟာ အထူးစီးပွားရေးဇုန်များနှင့် သက်ဆိုင်သည့် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သွက်လက်အဆင်ပြေစေရုံသာမကဘဲ နယ်ပယ်ကျဉ်းလျက်ရှိပါသဖြင့် အနာဂတ်မှာ တစ်နိုင်ငံလုံးအတိုင်းအတာကို လွှမ်းခြုံတဲ့ ရေအရင်းအမြစ်များ၊ ရေအရင်းအမြစ်များနှင့်ပတ်သက်ဆက်စပ်နေတဲ့ ဦးစီးဌာနပေါင်း ၁၃ ခုတို့အား ပူးပေါင်းစီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ National Water

Resources Committee (NWRC) ကို နိုင်ငံတော်သမ္မတရုံးမှ ၂၅-၇-၂၀၁၃ ရက်နေ့မှာ ဒုတိယ သမ္မတမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်တိုးချဲ့ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါ တယ်။ (NWRC) ဟာ ပညာရှင်များကဏ္ဍမှ ပိုမိုထောက်ပံ့ပေးနိုင်ရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာ ကိုလွှမ်းခြုံတဲ့ ရေအရင်းအမြစ်များအား စီမံခန့်ခွဲရန်လိုအပ်ပါသဖြင့် ရေဘက်ဆိုင်ရာကျွမ်းကျင်ပညာ ရှင်များအဖွဲ့ (Expert Group) ကိုဖွဲ့စည်းကာ ရေနှင့်ဆိုင်တဲ့ အခြေခံမူဘောင် (Water Framework Directive) နှင့် မြန်မာရေအရင်းအမြစ်မူဝါဒ (Myanmar Water Resources Policy) များအား အပြီးသတ်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

(NWRC) ဟာ နိုင်ငံတော်၏ ရေသုံးစွဲမှု သို့မဟုတ် ရေအသုံးချမှုတို့အတွက် သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ခြင်းနှင့် ဦးစားပေးအစီအစဉ်တို့ကို တွက်ချက်ပေးခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ပေးခြင်းများ ဆောင်ရွက်ပေးမည့်အပြင် လုပ်ငန်းစဉ်များကို ပိုမိုတိကျခိုင်မာစေရန် သိပ္ပံနည်းကျခေတ်မီနည်းပညာရပ်များအား နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမှုပိုမိုတိုးတက်ရေးနှင့် စိုက်ပျိုးရေးစီမံကိန်းနှင့် လုပ်ငန်းများအား အထိရောက် ဆုံးအကျိုးပြုနိုင်ရေးကိုရှေးရှုပြီး သီးနှံအထွက်နှုန်းထိခိုက်နိုင်တဲ့ မိုးလေဝသအခြေအနေများအား ကြိုတင်သိရှိနိုင်ရေးအတွက် သတိပေးချက်နှင့် ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ၁၀ ရက်ပတ် စိုက်ပျိုးရေးမိုးလေဝသစာစောင်အား ဖြန့်ချိထုတ်ဝေခြင်း နှင့် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်အား ပိုမိုမှန်ကန်တိကျလာစေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ အနာဂတ်ကာလမှာ အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ယခုထက် ပိုမိုတိကျစွာ ခန့်မှန်းနိုင်ပြီး၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသူများအတွက် အစွန်းရောက်ဖြစ်စဉ်များအတွက် အစွန်းရောက်ဖြစ်စဉ်များနှင့် လိုက်လျောညီထွေ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် မိုးလေဝသအကြံပြုချက် များကိုလည်း ထုတ်ပြန်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့ ကမ္ဘာနှင့်အဝှမ်း ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိရာ မြန်မာ နိုင်ငံမှာလည်းပဲ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြုံတွေ့ခံစားရလျက်ရှိပါတယ်။ ပြောင်းလဲနေတဲ့ မိုးလေဝသနှင့်ရာသီဥတုအခြေအနေများအား အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်ပြီး လိုက်လျောညီ ထွေပြင်ဆင်စိုက်ပျိုးကြရန်အတွက် စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍကြီး ၈ ခုဖြင့်ခွဲခြား၍

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environmental Programme- UNEP) ဖြင့် ရာသီဥတု ပြောင်းလဲမှုနှင့်လိုက်လျောညီထွေဆောင်ရွက်မယ့် မြန်မာနိုင်ငံ အမျိုးသားအဆင့်လုပ်ငန်း အစီအစဉ် (National Adaptation Programme of Action- NAPA) အစီရင်ခံစာအား ရေးသား ပြုစုလျက်ရှိပါတယ်။

အနာဂတ်မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးအတွက်သာမက တစ်နိုင်ငံလုံး ရေအရင်းအမြစ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်းချက်နှင့်အညီ ဒုတိယသမ္မတ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးလျက်ရှိတဲ့ ခန့်မှန်းချက်များနှင့် အကြံပြုချက်များကို အသုံးပြုတဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ အနာဂတ်မြန်မာနိုင်ငံ စိုက်ပျိုးရေးကို အထောက်အကူပြု အကောင်အထည် ဖော်နိုင်ရေးတို့အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းပါက အဆိုပါပညာရှင်အဖွဲ့တွင် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စိုက်ပျိုးရေးမိုးလေဝသကျွမ်းကျင်သူ ပညာရှင်များကိုပါ အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဖြေကြားပါတယ်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်မှာ ရေအသုံးချမှုဖြစ်ပါသဖြင့် ရေအသုံးချ မှုစီမံခန့်ခွဲရေးကော်မတီကို ဒုတိယသမ္မတ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အခြားပြင်ပမှ ရေနှင့်ပတ်သက်တဲ့ ကျွမ်းကျင် ပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များပါဝင်တဲ့ ရေအသုံးချရေးစီမံ ခန့်ခွဲမှုကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီးဖြစ်ပါသဖြင့် အဆိုပါဖွဲ့စည်းထားပြီးတဲ့အဖွဲ့မှ အဆိုပါတင်ပြထားတဲ့ အဆိုများအပေါ်မှာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် ယခု တင်ပြသော အဆိုအပေါ်မှာ မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးအောင်ဇင်ရဲ့သဘောထားပြောပါ။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ အခုလို ဝန်ကြီးကရှင်းပြသွားတဲ့အတွက် အများကြီးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေးဟာရာသီကိုမှီနေတယ်။ အဲ့ဒီအပေါ်မှာ သီးနှံတွေစိုက်ပျိုးပြီးတော့ တောင်သူလယ်သမားတွေရဲ့ဘဝတိုးတက်ရေးအတွက် ရည်ရွယ်တာပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်များအားလုံးဟာလည်းပဲ မီဒီယာများပေါ်မှာလည်းပဲတွေ့ရှိနေရတာလည်းဖြစ်ပါတယ်။ ဒါပေမယ့် အဓိက ကျွန်တော်ရဲ့ ရည်ရွယ်ချက်ကတော့ အခု IT ခေတ်ကြီးမှာ ပညာရပ်တစ်ခုဟာ တစ်ခုတည်းပဲ ရပ်တည်လို့မရတော့ပါဘူး။ ပညာရပ်တွေပေါင်းစပ်ပြီးတော့မှ ပညာရပ်အသစ်တွေ၊ အသစ်တွေ ပေါ်ပေါက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရည်ရွယ်ချက်က ပညာရပ်အသစ်တစ်ခု ပြန်လည်ပေါ်ပေါက်လာရေးအတွက် စိုက်ပျိုးရေးနှင့်မိုးလေဝသပညာရှင်တွေပူးပေါင်းပြီး ပညာရပ်အသစ်တစ်ခုပေါ်ပေါက်ဖို့၊ ဖွံ့ဖြိုးဖို့အတွက် ရည်ရွယ်ပြီးတင်ခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွက်အားလုံးကျေးဇူးတင်ပါတယ်။ သဘောထားကိုလည်းပဲထောက်ခံပါတယ်။ မှတ်တမ်းတင်တာကို။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ဇင်တင်သွင်းတဲ့အဆိုကိုကိုယ်စားလှယ်တစ်ဦးကထောက်ခံပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဝန်ကြီးဌာန ၂ ခုကို ကိုယ်စားပြုပြီးတော့ပြန်လည်ဖြေကြားသွားပါတယ်။ ဒီအပေါ်မူတည်ပြီး အဆိုရှင် ဦးအောင်ဇင်က ဝန်ကြီးဌာန ၂ ခုကိုယ်စား တင်ပြသွားတဲ့တင်ပြချက်ကို သဘောတူတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှာမှတ်တမ်းတင်ထားရှိဖို့ ပြန်လည်အဆိုပြုတင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ လိုအပ်တဲ့ ဆောင်ရွက်ဖို့ကိစ္စများဆက်လက်ဆောင်ရွက်သွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ဇင် တင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးအောင်ဇင်တင်သွင်းတဲ့အဆိုကို လွှတ်တော်မှမှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးအောင်ဇင်တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ဇင်တင်သွင်းတဲ့ စိုက်ပျိုးရေးနှင့် မိုးလေဝသကို ချိတ်ဆက်ပေးနိုင်သော စိုက်ပျိုးရေးမိုးလေဝသပညာရပ်

ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အနာဂတ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ကိုအထောက်အကူပြုအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်မှာမှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကြမ်းကို ၄-၁၁-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေဖြင့် ပြင်ဆင်လိုသည့်ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၁-၁၁-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသာလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားရန်နှင့် လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး အတည်ပြုချက်ဖြင့်ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ၄-၁၁-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကြိုတင်လေ့လာသုံးသပ်နိုင်ရန် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားကြောင်းအသိပေး တင်ပြရပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀၊**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွါနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ၁၂း၁၀ နာရီအချိန်တွင်ပြီးဆုံးပါသည်။]